http://www.dhammadownload.com

ကျေးဇူးရှင်

# မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီး

(၁၂၉၂-၁၃၆၈)

# ဂုဏာပူဇာမှတ်တမ်းလွှာ

http://www.dhammadownload.com

## တွေးကြောက်စရာ

လူတွေဟာ စီးပွားနည်းမှာပဲ ကြောက်ကြတယ်။
ကုသိုလ်နည်းမှာ မကြောက်ကြဘူး။
စီးပွားနည်းရင် တစ်ဘဝပဲ ဆင်းရဲတာ
ကုသိုလ်နည်းရင် တစ်သံသရာလုံး ဆင်းရဲမှာ၊
သံသရာနဲ့စာလျှင် လူ့တစ်ဘဝဆိုတာ
ပြောပလောက်တာ မဟုတ်ဘူး။
စီးပွားနည်းမှာ ကြောက်သလို
ကုသိုလ်နည်းမှာလည်း တွေးကြောက်ကြပါ။

ဗောဓိတထောင်ဆရာတော်

cover kyaw thihs

http://www.dhammadownload.com

# မာတိကာ


၁။ အမှာစာ ၁

၂။ ဆရာတော်ဘုရားကြီး၏ ထေရုပတ္တိအကျဉ်း ၃

၃။ ဆရာတော်ဘုရားကြီး အဓိဋ္ဌာန်ဝင်
တရားအားထုတ်ခဲ့သောနေရာများ ၇

၄။ ဆရာတော်ဘုရားကြီး ထီးတော်တင်လှူ
ပူဇော်ထားသည့် စေတီတော်များ ၁၀

၅။ ဆရာတော်ဘုရားကြီး သာသနာပြုကြွရောက်
တော်မူခဲ့သောနိုင်ငံများ ၁၂


၆။ ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဂုဏ်တော်အကျိုးနှင့်
ဗုဒ္ဓကသိုဏ်းရှုပွားနည်းများ ၁၃

၇။ ဆရာတော်ဘုရားကြီး၏ ဩဝါဒစံကားများ ၁၉

၈။ ဗောဓိပင်၏ ထူးခြားချက်များနှင့်
စိန်ရတုဂုဏပူဇာစာစောင်မှ ကောက်နှုတ်ချက်အချို့ ၂၈

၉။ ကျေးဇူးရှင် ဗောဓိတထောင်ဆရာတော်ဘုရားကြီး
နှင့် ဘုရားဒကာများ ၆၁

http://www.dhammadownload.com



## အံ့ဖွယ်ဖန်တီးရှင် ဗောဓိတထောင်ထေရ်သခင်

ဗောဓိတထောင်၊ ထေရ်မြတ်ခေါင်၏
စွမ်းဆောင်ကောင်းမှု၊ အစုစုလျှင်
နှိုင်းတုမမီ၊ အံ့ဖွယ်တည်သည်
သည်ပြည် သည်မြေ တင့်တော့သည်။


အို-ရှုစမ်းပါ
တာဝတိံသာ၊ နတ်တို့ရွာမှ
ရာဇာသနင်း၊ သိကြားမင်းလျှင်
ဖန်ဆင်းလိုက်ရာ၊ ပေါ်ထွန်းလာသို့
မဟာဗောဓိ၊ ထောင်ကျော်ရှိနှင့်
မုနိရုပ်ပွား၊ အများပြားနှင့်
ကြီးမားစေတီ၊ မွေသရီနှင့်
ကြည်ညိုမဝ၊ အံ့ချီးရသည်

http://www.dhammadownload.com

ထွန်းပရောင်ဝါ၊ တင့်တယ်ပါသော
ရွှေသာလျောင်းတော်၊ မြတ်ဖိနော်တို့
မြေပေါ်တလွှား၊ ပြိုင်စံရှားသည်
ထင်ရှားပေါ်ထွန်းနေလေပြီ။

သည်သို့သွယ်သွယ်၊ ကြည်ညိုဖွယ်ကို
အံ့ဖွယ်ဖန်တီး၊ ဘုန်းကံကြီးသည့်
ကြီးမြတ်သခင်၊ ထေရ်အရှင်၏
ပညာ, သီလ၊ စရဏာနှင့်
ပြည့်ဝသဒ္ဓါ၊ စေတနာကို
စာဆိုမြတ်နိုး၊ လက်စုံမိုး၍
ရှိခိုးပူဇော်ပါသည် ဘုရား။

မင်းယုဝေ



http://www.dhammadownload.com



# အမှာစာ

ဤစာအုပ်ကို ကျေးဇူးရှင် မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီး၏ (၇၆)နှစ်ပြည့် (၁၃၆၈-ခု၊ တပို့တွဲလဆန်း (၁၄) ရက်၊ ၃၁-၁-၂၀၀၇)အထိမ်းအမှတ်အဖြစ် ပြုစုထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်တွင် -

(၁) ဆရာတော်ဘုရားကြီး၏ ထေရုပတ္တိအကျဉ်း

(၂) ဆရာတော်ဘုရားကြီး အဓိဋ္ဌာန်ဝင် တရားအားထုတ်ခဲ့သော နေရာများ

(၃) ဆရာတော်ဘုရားကြီး ထီးတော်တင်လှူပူဇော်ခဲ့ထားသည့် စေတီတော်များ

(၄) ဆရာတော်ဘုရားကြီး သာသနာပြုကြွရောက်တော်မူခဲ့သောနိုင်ငံများ

(၅) ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဂုဏ်တော်အကျိုးနှင့် ဗုဒ္ဓကသိုဏ်းရှုပွားနည်းများ

http://www.dhammadownload.com



(၆) ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒစကားများ

(၇) ဗောဓိပင်၏ ထူးခြားချက်များ

(၈) ဆရာတော်ဘုရားကြီး၏ (၇၅)နှစ်ပြည့် စိန်ရတု ဂုဏပူဇာ စာစောင်မှ ကောက်နှုတ်ချက်အချို့

(၉) စာအုပ်ဖြစ်မြောက်ရေးအတွက် စုစည်းတင်ပြသူတို့၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုတို့ပါဝင်ပါသည်။


ဤစာအုပ်အတွက် စိန်ရတုဂုဏပူဇာစာစောင်မှ ကောက်နှုတ်ဖော်ပြထားသည့် ဆောင်းပါးအချို့၏ ဆောင်းပါးရှင်၊ စာပေဝါသနာရှင်များအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးကြသော ဓမ္မမိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ မဟာဗောဓိတထောင် ကျောင်းတိုက်ကြီး၏ နာယကဆရာတော်များ ဖြစ်ကြသော ဦးသောဘိတ၊ ဦးကဝိန္ဒ၊ ဦးသြဘာသ၊ ဦးဝိစိတ္တ၊ ဦးဣန္ဒောဘာသ နှင့် သံဃာတော်အရှင်သူမြတ်များအားလည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းအဝဝတို့ကို နှစ်ပေါင်းများစွာ ပါရမီဖြည့်ခဲ့ကြသော ပါရမီဖြည့်ဘက် ဓမ္မမိတ်ဆွေအပေါင်းတို့အား လည်းကောင်း၊ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေသောဝ်

ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာအဝှန်းထွန်းစေသောဝ်

ဦးသက်တင်နှင့် ဒေါ်ခင်နွဲ့နွဲ့

http://www.dhammadownload.com



http://www.dhammadownload.com



# ဖောခဲတထောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

**ဇာတိမွေးရပ်မြေ**

- စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ် (ယခင်ဒီပဲယင်းမြို့နယ်)
- ရွှေတွင်းကုန်းရွာ (ယခင်ရွာကျုပ်ရွာ)

**ခမည်းတော်နှင့်မယ်တော်**

- ဦးထွန်းမြတ် + ဒေါ်စောမြိုင်

**မွေးသက္ကရာဇ်**

- ၁၂၉၂-ခု၊ တပို့တွဲလဆန်း (၁၄)ရက်
- (၃၁-၁-၁၉၃၁) စနေနေ့၊ နံနက် (၄)နာရီ

**ငယ်နာမည်**

- မောင်တိုးကြွယ်

**မွေးဖွားစဉ်ထူးခြားမှု**

- အချင်းစလွယ်သိုင်းလျက် အထက်သွားနှစ်ချောင်းပါလာသည်။

**ပညာသင်ကြားခြင်း**

- (၅)နှစ်သားအရွယ်တွင် မိခင်ကြီး၏မောင်ဝမ်းကွဲတော်သူ ကိုးဆူတောင် ဆရာတော် ဦးသုဏ္ဏေယျထံတွင် ပရိယတ် အခြေခံစာပေများကို စတင်သင်ကြားခဲ့သည်။

http://www.dhammadownload.com



**သာမဏေဖြစ်ခြင်း**

- (၁၃)နှစ်အရွယ်တွင် ဘုန်းတော်ကြီး ဦးသုဏေယျကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ပြီး ဘွဲ့မည်မှာ ရှင်နာရဒ ဖြစ်သည်။

**ရဟန်းဖြစ်ခြင်း**

- ၁၃၁၂-ခု၊ ပထမဝါဆိုလဆန်း (၁၀)ရက် (၂၆-၆-၁၉၅၀) နေ့တွင် ကိုးဆူကျောင်း ခဏ္ဍသိမ်၌ ဘုန်းတော်ကြီး ဦးသုဏေယျကို ဥပဇ္ဈာယ်ပြု၍ ဒီပဲယင်းမြို့နယ်၊ အဘာယရွာနေ ဦးထိန်+ ဒေါ်သန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်သည်။

**ပရိယတ္တိစာပေခရီး**

- မုံရွာ၊ ချောင်းဦးနယ်၊ ပခုက္ကူ၊ မန္တလေးမြို့ကြီးများရှိ စာသင်တိုက်ကြီးများတွင် ပိဋကတ်စာပေများကို (၁၄)နှစ် တိုင်တိုင်လေ့လာဆည်းပူးခဲ့သည်။

**နန်းဦးဆရာတော်ဘုရားကြီးနှင့်ဆုံတွေ့ခြင်း**

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၌ ပညာဆည်းပူးစဉ် အဆုပ်ရောဂါစွဲကပ်ပြီး၊ ပခုက္ကူဆေးရုံ၊ မန္တလေးဆေးရုံတို့တွင် ကုသခဲ့ရာ ရောဂါ၏အခြေအနေမှာ ထူးခြားမလာသည့်အတွက် မန္တလေး၊ ဟော့ကုန်းရပ်မှ ဦးမောင်ကို၏ အကူအညီဖြင့် နန်းဦးဆရာတော်ဘုရားကြီးနှင့် ဆုံတွေ့ခွင့်ရခဲ့သည်။

ဆရာတော်ဘုရားကြီးထံတွင် ပိဋကတ်စာပေများကို ဆက်လက်သင်ယူခဲ့ပြီး သမထ၊ ဝိပဿနာနှင့်ကမ္မဋ္ဌာန်း တရားများကို ပွားများအားထုတ်ခဲ့သည်။

http://www.dhammadownload.com



## ဗောဓိတထောင်သာသနာ့ အောင်မြေကို တည်ထောင်ခြင်း

နန်းဦးဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံပြီးနောက် ကိုးဆူကျောင်းသို့ ပြန်လည်ကြွရောက်သီတင်းသုံးခဲ့သည်။ ၁၃၁၈-ခု တပေါင်းလပြည့်နေ့တွင် ကျောင်းသားမောင်ဘချစ်နှင့်အတူ မြရိပ်သို့သွားရောက်ပြီး ဉာဏ်တော်အမြင့် (၁၃)တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူ၊ ဉာဏ်တော်(၈)တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်တဆူတို့ကို ကုန်းမြေတစ်ခုအတွင်းမှ တူးဖော်တွေ့ရှိခဲ့ရာ ပေါ်တော်မူမြရိပ်ဘုရားဟု ကျော်ကြားခဲ့သည်။ ရှင်နာရဒကိုလည်း“ ပေါ်တော်မူ ကိုယ်တော်လေး၊ ရေကိုယ်တော်လေး”ဟု လူသိများ၍ ထင်ရှားလာခဲ့သည်။

ရဟန်း (၁၀)ဝါအရတွင် မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာကျောင်းထိုင်ဆရာတော်၊ ဦးရီးတော်ဦးဥေယျ ပျံလွန်တော်မူသဖြင့် ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ ခတက္ကန်တောင်ရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ပြီး ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့သည်။

၁၃၂၂-ခု၊ ကဆုန်လဆန်း (၁၁)ရက်၊ ကြာသပတေးနေ့တွင် ကိုးဆူကျောင်းမှ ဗောဓိပင် (၂၇) ပင်ကို ပင့်ဆောင်ပြီး ကဆုန်လဆန်း (၁၂)ရက် ၊ နံက် (၈)နာရီ၊ (၅၅)မိနစ်၌ နန်းဦးဆရာတော်ဘုရားကြီးနှင့်အတူ ဗောဓိပင် (၂၇)ပင်ကို ပထမဦးစွာစိုက်ပျိုးခဲ့ရာ “ **အောင်စည်ကျော်ခိုက်၊ ဗောဓိစိုက်**”ဟု အမှတ်သညာပြုခဲ့သည်။

မြေကေ(၁၅)ကေဖြင့် စတင်စိုက်ပျိုးတည်ထောင်ခဲ့သည့် မဟာဗောဓိတထောင် သာသနာအောင်မြေကြီးသည် ယခုအခါ ကေ(၂၅၀)ခန့် ကျယ်ဝန်းပြီး ဗောဓိပင်ပေါင်း (၉)ထောင်ကျော်ဖြင့်

http://www.dhammadownload.com



စိမ်းလန်းဝေဆာလျက်ရှိပေသည်။ ခတက္ကန်တောင်ရွာ၊ ရွာဦးကျောင်းဆရာတော် ဦးနာရဒအဖြစ်မှ မဟာဗောဓိတထောင် ဆရာတော်ဘုရားကြီးဟု မြန်မာပြည်တဝှန်းသာမက ကမ္ဘာတိုင်အောင် လွှမ်းခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

၁၃၆၈-ခု နတ်တော်လဆန်း(၃)ရက်၊(၂၂-၁၁-၀၆) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁၂)နာရီ (၃၅)မိနစ်တွင် မန္တလေးမြို့တွင်ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို မန္တလေးမြို့မှ ဗောဓိတထောင်ကျောင်းတိုက်သို့ ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ပြီး (၂၃.၁၁.၀၆)နေ့မှ (၂၇.၁၁.၀၆)နေ့အထိ စံကျောင်းတော်၌ ဖူးမြော်အပူဇော်ခံခဲ့ပြီး ၂၀၀၆-ခု၊ နိုဝင်ဘာလ(၂၈)ရက်နေ့တွင် အန္တိမဈာပနသာဓုကိဠာနသဘင်ကို ကျင်းပခဲ့သည်။ ဆရာတော်ဘုရားကြီး၏ အရိုးပြာများကို နန်းဦးဆရာတော်ဘုရားကြီး၏ အရိုးစေတီအနီးတွင် ဌာပနာ၍ အရိုးအိုးစေတီတည်ထားခဲ့ပါသည်။

* * * * *

http://www.dhammadownload.com



## မဟာစောဓိတထောင်ဆရာတော်ဘုရားကြီး အစိဋ္ဌာန်ပြုကာ တရားအားထုတ်ခဲ့သည့်နေရာများ

၁။ ပတ္တမြားတောင် (ဆွေးရုံဆင်းစအချိန် ကျောင်းထိုင်မဖြစ်သေး)
၁၃၁၇. ၃-လ

၂။ ပတ္တမြားတောင်နှင့်ရွှေမြင်တင်တောင် (ကျောင်းထိုင်မဖြစ်သေး)
၁၃၁၈.၄၅-ရက်

၃။ ကိုးဆူတိုက် သီးပင်အောက် (ကျောင်းထိုင်မဖြစ်သေး)
၁၃၁၉.၅-လ

၄။ ကိုးဆူတိုက် ကံတောင်ပေါ် (ကျောင်းထိုင်မဖြစ်သေး)
၁၃၂၀.၅-လ

၅။မန္တလေးတောင် (ဗောဓိရောက်ကျောင်းထိုင်ဖြစ်ပြီး)
၁၃၂၄.၄၅-ရက်

၆။မိန်းစက်တော်နှင့်ပုပ္ပား (ဗောဓိရောက်ကျောင်းထိုင်ပြီး)
၁၃၂၅.၅၅-ရက်

၇။ မင်းဝံတောင် ကန်ကြီးချောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)
၁၃၂၆.၃-လ

၈။ဇာသပြင် ကျိုက်မဆော (ဗောဓိရောက်ကျောင်းထိုင်ပြီး)
၁၃၂၇.၄၅-ရက်

၉။ဇာသပြင် ကျိုက်မဆော (ဗောဓိရောက်ကျောင်းထိုင်ပြီး)
၁၃၂၈.၄၅-ရက်

http://www.dhammadownload.com



၁၀။ မင်းဝံတောင် သမ္ဗုဒ္ဓေချောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၂၉.၄၅-ရက်

၁၁။ ကောင်းမှုတော်စေတီ (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၀.၄၅-ရက်

၁၂။ ရွှေမလဲတောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၁.၄၅-ရက်

၁၃။ ကျောက်ဆည်တောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၂.၄၅-ရက်

၁၄။ ဝေပုလ္လတောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၃.၄၅-ရက်

၁၅။ ကျောက်ကြီးတောင် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၄.၄၅-ရက်

၁၆။ အနောက်ပရက္ကမချောင် (စစ်ကိုင်း) (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၅.၄၅-ရက်

၁၇။ မြန်အောင်ချောင် (စစ်ကိုင်း) (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၆.၄၅-ရက်

၁၈။ ဒီပါအေးဘုရားအပေါ် (ဗောဓိရောက်ကျောင်းထိုင်ပြီး)

၁၃၃၇.၄၅-ရက်

၁၉။ ကျောက်ဆည်တောင် (ကျောင်းထိုင်ပြီး)

၁၃၃၈.၄၅-ရက်

၂၀။ ထွင့်ခေါင်ချောင် (ကျောင်းထိုင်ပြီး)

၁၃၃၉.၄၅-ရက်

http://www.dhammadownload.com



၂၁။ ဗိုးခေါင်တောင် (ကျောင်းထိုင်ပြီး)

၁၃၄၀·၄၅-ရက်

၂၂။ ပြင်ဦးလွင်မြို့ ဦးကျော်ဝင်းခြံအတွင်း (ကျောင်းထိုင်ပြီး)

၁၃၄၁·၄၅-ရက်

၂၃။ ကံ့ကော်တထောင် (ပြင်ဦးလွင်မြို့)

၁၃၄၅·၄၅-ရက်

၂၄။ ဗိုလ်ကြီးချစ်ဆွေဂူ (ဗောဓိတထောင်)

၁၃၄၆·၄၅-ရက်

၂၅။ ဗုဒ္ဓရွှေကျောင်းတော် (ဗောဓိတထောင်)

၁၃၅၂·၄၅-ရက်

* * * * *



http://www.dhammadownload.com



## မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီး ထီးတော်တင်လှူ ပူဇော်ထားသည့် စေတီတော်များစာရင်း

| | | | |
|---|---|---|---|
| ကိုးဆူကျောင်း | ၃-ကြိမ် | မုခ်ဦးပြသာဒ် | ၂-ကြိမ် |
| တောတန်းကျောင်း | ၁-ကြိမ် | မုံရွေးထွန်းဆင့်ဘုရား | ၂-ကြိမ် |
| ပတ္တမြားတောင် | ၁-ကြိမ် | ဦးအောင်ဒင်ဘုရား | ၁-ကြိမ် |
| ရွှေမြင်တင်တောင် | ၁-ကြိမ် | တန့်ဆည်ဘုရား | ၁-ကြိမ် |
| ကျိုက်မဆာ | ၂-ကြိမ် | မင်းကြီးကုန်း | ၁-ကြိမ် |
| ဖိုးခေါင်တောင်ဘုရား | ၁-ကြိမ် | သီတဂူ | ၁-ကြိမ် |
| ဒီပါအေးဘုရား | ၁-ကြိမ် | ရွှေဂူကြီး၊ အမရပူရ | ၅-ကြိမ် |
| ပတ္တမြားမွှာရုံ | ၁-ကြိမ် | တောပုဘုရား | ၁-ကြိမ် |
| မိသားစုမွှာရုံ | ၁-ကြိမ် | မှန်ချိုဘုရား | ၁-ကြိမ် |
| အောင်ဇေယျု | ၁-ကြိမ် | ပတ္တမြားတောင် | ၂-ကြိမ် |
| သနပ်ခါးကျောင်း | ၂-ကြိမ် | ရွှေမြင်းမြင့်ဘုရား | ၁-ကြိမ် |
| ကျိုက်ကုန်းကျောင်းသစ် | ၁-ကြိမ် | ခြေတော်ရာ | ၇-ကြိမ် |
| ချောင်းဦးဘိုးစို | ၁-ကြိမ် | တောတန်းရွာဘုရား | ၁-ကြိမ် |
| ဝေပုလ္လတောင် | ၁-ကြိမ် | ရွှေစေတီ | ၁-ကြိမ် |
| ကြေးပြားဆည် | ၅-ကြိမ် | မှန်ချို | ၁-ကြိမ် |
| ကြီးအုပ်ကျောင်း | ၁-ကြိမ် | ကနီဘုရား၁ | -ကြိမ် |
| တောင်ခြေတော်ရာ | ၁-ကြိမ် | ဘုတလင်ဘုရား | ၁-ကြိမ် |
| မြောက်ခြေတော်ရာ | ၁၀-ကြိမ် | အညာသီဟတော | ၁-ကြိမ် |
| သခင်မတောင် | ၂၇-ကြိမ် | ပြသာဒ်ကျုံ့ဘုရား | ၁-ကြိမ် |
| ဒရယ်ခေါင်း | ၁-ကြိမ် | အောင်စကြာ | ၄-ကြိမ် |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ရတနဂူ | ၁-ကြိမ် | ရွှေကျော်ဘုရား | ၄-ကြိမ် |
| သနပ်ခါးစေတီ | ၂၅-ကြိမ် | ကံတက်မင်း | ၁-ကြိမ် |
| ဘိုးတော်ဦးဝိုင်း | ၉-ကြိမ် | ငပြောင်ဆည် | ၈-ကြိမ် |
| သုမာသွာ | ၁-ကြိမ် | ဘုတလင်ကင်းစမ်း | ၁-ကြိမ် |
| တံခွန်တိုင် | ၁-ကြိမ် | ချမ်းသာရစေတီ | ၁-ကြိမ် |
| ရွှေချက်သိုစေတီ | ၁-ကြိမ် | ရွှေတွင်းကုန်းရွာ၊ အရာတော်၊ | |
| မြရိပ်စေတီ | ၁-ကြိမ် | ဒီပဲယင်း+ အရာတော်၊ | |
| ကျောက်ကာရွှေဂူနီဘုရား | ၁-ကြိမ် | ကျောက်ကာရွာ၊ မုံရွာ၊ | |
| ရွှေတောင်စေတီ | ၁-ကြိမ် | ယင်းမာပင်၊ | |
| ဆုတောင်းပြည့်စေတီ | ၁-ကြိမ် | မုံရွာမြို့၊ | |
| ကန်သာယာစေတီ | ၁-ကြိမ် | မုံရွာမြို့၊ | |
| ဆွမ်းဦးပုညရှင်စေတီ | ၁-ကြိမ် | စစ်ကိုင်းတောင်ရိုး၊ | |
| မဟာအံ့ထူးကံသာဘုရား | ၁-ကြိမ် | ပြင်ဦးလွင်မြို့၊ | |
| မအူလေးရွာစေတီ | ၁-ကြိမ် | မအူလေးရွာ၊ မုံရွာ၊ | |
| လေးမျက်နှာဘုရား | ၁-ကြိမ် | ဗြဟ္မဝိဟာရ၊ ပြင်ဦးလွင်မြို့၊ | |
| တာဝတိံသာစေတီ | ၁-ကြိမ် | ရန်ကုန်၊ ပုလဲမြို့သစ်၊ | |
| ဗုဒ္ဓဂယာစေတီ | ၁-ကြိမ် | ပုရစ်ကုန်းမြောက်ရွာ၊ မုံရွာ၊ | |
| ကြီးအုပ်ရွာလယ်ဘုရား | ၁-ကြိမ် | ကြီးအုပ်ရွာ၊ မုံရွာ၊ | |
| ကံသာရွာစေတီ | ၁-ကြိမ် | ကံသာရွာ၊ ဘုတလင်၊ | |
| ညောင်ပင်သာရွာဦးစေတီ | ၁-ကြိမ် | ညောင်ပင်သာရွာ၊ မုံရွာ၊ | |
| စေတီလှဘုရား | ၁-ကြိမ် | စစ်ကိုင်းမြို့၊ | |
| ညောင်ပင်အိုင်စေတီ | ၁-ကြိမ် | ဆားလင်းကြီး၊ | |

http://www.dhammadownload.com



## မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီး
## သာသနာပြုကြွရောက်တော်မူခဲ့သော နိုင်ငံများ

| စဉ် | နေ့စွဲ | | တိုင်းနိုင်ငံများ |
|---|---|---|---|
| ၁။ | ၁၀.၅.၈၈ | - ၁၅.၇.၈၈ | ထိုင်း၊ အိန္ဒိယ၊ နီပေါ။ |
| ၂။ | ၁၅.၁၂.၉၁ | - ၁၂.၂.၉၂ | ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ။ |
| ၃။ | ၈.၃.၉၃ | - ၁၅.၅.၉၃ | အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ ထိုင်း၊ ဂျပန်၊ စင်္ကာပူ။ |
| ၄။ | ၈.၅.၉၃ | - ၂၁.၆.၉၄ | ဂျပန်၊ စင်္ကာပူ၊ ထိုင်း။ |
| ၅။ | ၂၉.၁၀.၉၄ | - ၂၅.၁၂.၉၄ | ထိုင်း၊ အမေရိကန်၊ အင်္ဂလန်။ |
| ၆။ | ၁၀.၅.၉၆ | - ၂၃.၅.၉၆ | တောင်ကိုရီးယား၊ ထိုင်း။ |
| ၇။ | ၆.၇.၉၆ | - ၁၇.၇.၉၆ | ဂျပန်၊ ထိုင်း။ |
| ၈။ | ၁၆.၃.၉၇ | - ၂၇.၃.၉၇ | အိန္ဒိယ၊ နီပေါ။ |
| ၉။ | ၅.၁.၉၈ | - ၁၁.၁.၉၈ | ထိုင်း။ |
| ၁၀။ | ၂၁.၅.၉၈ | - ၂.၇.၉၈ | အမေရိကန်၊ ထိုင်း။ |
| ၁၁။ | ၉.၁၁.၉၉ | - ၂၀.၁.၉၉ | ဂျပန်၊ ထိုင်း။ |
| ၁၂။ | ၂၂.၁၁.၉၉ | - ၆.၁၂.၉၉ | နယူးဇီလန်၊ စင်္ကာပူ၊ ထိုင်း။ |
| ၁၃။ | ၉.၅.၀၁ | - ၂၀.၆.၀၁ | နယူးဇီလန်၊ထိုင်း၊ အမေရိကန်၊ ဂျပန်။ |
| ၁၄။ | ၂၂.၂.၀၃ | - ၃.၄.၀၃ | အမေရိကန်၊ အင်္ဂလန်၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်း။ |
| ၁၅။ | ၁၇.၅.၀၄ | - ၇.၆.၀၄ | ဂျပန်၊ တရုတ်၊ စင်္ကာပူ၊ ထိုင်း။ |

http://www.dhammadownload.com



နယူးဇီလန်၊ ဝယ်လင်တန်မြို့ မဟာဗောဓိစေတီ


http://www.dhammadownload.com





နယူးဒေလီ၊ ဝယ်လင်တန်မြို့ မဟာဗောဓိစေတီ အနေကဇာတင်ပွဲ

http://www.dhammadownload.com



ကျောက်မဲ ထီးတော်တင်ပွဲ



http://www.dhammadownload.com



# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ခန္ဓာကိုယ် ဘုရားလှူပုံ

**ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓါနံ နိယျာဒေမိ**

အဟံ - အကျွန်ုပ်သည်၊ ဣမံအတ္တဘာဝံ-ဤခန္ဓာကိုယ်အတ္တဘောကို၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့အား၊ နိယျာဒေမိ - အပ်နှင်းကြည်ဖြူပေးလှူပါ၏။ ဤတစ်ထိုင်အတွင်း၌ အကျွန်ုပ်၏ ခန္ဓာငါးပါး၊ ရုပ်, နာမ် နှစ်ပါးတို့ကို ဘုရားရှင်တို့အား အပ်နှင်းကြည်ဖြူ ပေးလှူပါ၏ အရှင်ဘုရား။

* * * * *

## သံသရာကြွေးချေပုံ

မသိအပ်သော အစရှိသော သံသရာ ဘဝအဆက်ဆက်မှ စ၍ ဤနေ့ ဤရက်တိုင်အောင် အကျွန်ုပ်သည် သူတစ်ပါးတို့အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှား ကျူးလွန်ခဲ့ဖူးသည်ရှိသော် ထိုအပြစ်တို့မှ ခွင့်လွှတ်သည်းခံပါရန် ''ဘုရား၊ တရား၊ သံဃာ'' ရတနာမြတ်သုံးပါးတို့ကို သက်သေအရာ၌ထား၍ ရှိသေစွာ တောင်းပန်ပါ၏။ အကျွန်ုပ်ကလည်း ခွင့်လွှတ်သည်းခံပါ၏။

* * * * *

http://www.dhammadownload.com



# ကိုယ်စောင့်တရား (၄)ပါး ပွားပုံ

## ဗုဒ္ဓါနုဿတိ

ကိလေသာခပ်သိမ်းတို့မှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား ဤမျက်နှာသစ်တော်ရေကို လှူဒါန်းပါ၏။

## မေတ္တာဘာဝနာ

ဤရေကဲ့သို့ သတ္တဝါများ စိတ်နှလုံးအေးချမ်းကြပါစေ။

## အသုဘဘာဝနာ

မျက်ဝတ်ထွက်ခြင်း၊ ခံတွင်းမှ ပုပ်ရည်စီးခြင်း စသည်ကို သန့်ရှင်း၍ ပစ်ရသော ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည် စက်ဆုပ်ရွံရှာဖွယ်ကြီးပါတကား။

စားလိုက်၊ သွားလိုက်၊ သောက်လိုက်၊ ပေါက်လိုက်၊ ဝတ်လိုက်၊ ချွတ်လိုက်နှင့် အကျိုးယုတ်ခါ မိုးချုပ်ရလေတော့သည်တကား။

## မရဏာနုဿတိ

ငါသည် တစ်နေ့နှင့် တစ်ညတော့ သေဘေးမှ လွတ်ခဲ့လေပြီ။ ဝင်လေသည် မထွက်ခင်၊ ထွက်လေသည် မဝင်ခင် နံနက်၊ နေ့ည အချိန်မရွေး သေနိုင်ပါတကား။

http://www.dhammadownload.com



## ဗုဒ္ဓကသိုဏ်းရှုပုံ

(က) မိမိအကြိုက်ဆုံး၊ အကြည်ညိုဆုံး ဘုရားပုံတော် တစ်ပုံပုံကို ရွေးချယ်၍ စူးစူးစိုက်စိုက် ကြည့်ကောင်းရုံမျှ ထောင်ထားပါ။ (သို့မဟုတ်) ချိတ်ထားပါ။

(ခ) ဘုရားဂုဏ်တော် (၉)ပါးအနက်မှ မိမိကြိုက်ရာ ဂုဏ်တော် တစ်ပါးပါးကို ရွေးချယ်၍ ပုတီးစိပ်ပါ။

(ဂ) ပုတီးစိပ်လျက် ဘုရားပုံတော်ကို မျက်တောင်မခတ်ဘဲ စူးစူး စိုက်စိုက်ရှုပါ။

(ဃ) မျက်တောင်မခတ်ဘဲ ကြာကြာရှုကြည့်နိုင်လေ, တရားသား တက်လေပင် ဖြစ်သည်။

(င) ဤသည်ပင်လျှင် ဗုဒ္ဓကသိုဏ်းရှုနည်းဖြစ်လေတော့ သတည်း။

## ရတနာသုံးပါးကို တရားဖြင့် ပူဇော်ပုံ

ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ - ပူဇေမိ၊ ဓမ္မံ - ပူဇေမိ၊ သံဃံ - ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ ဤလောကုတ္တရာတရား (၉)ပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ဓမ္မံ-တရားတော်မြတ်ကို၊ သံဃံ-သံဃာတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## နိဗ္ဗာန်ကို ဆုတောင်းပုံ

ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ မေ-အကျွန်ုပ်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ-အာသဝေါ တရားလေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို၊ ဝဟံ (ဝဟံန္တော) မရရအောင် ရွက်ဆောင်နိုင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း။ နိဗ္ဗာနဿ-ဒုက္ခ ခပ်သိမ်းချုပ်ရာ၊ ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏၊ ပစ္စယော-ရရာ ရကြောင်း ကောင်းမြတ်သော အကြောင်းအထောက်အပံ့သည်၊ ဟောတု-ဖြစ်ပါ စေသတည်း။

## အမျှဝေပုံ

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ သမံ ဘာဇေမ။ ဣမံ ပုည ဘာဂံ ဤသို့သော ကုသိုလ်ကောင်းမှု၏၊ အဖို့ဘာဂကို၊ သဗ္ဗသတ္တာနံ- နတ်တို့သနင်းသိကြားမင်းကို အစပြု၍ သုံးဆယ့်တစ်ဘုံကျင်လည် ကုန်သော သတ္တဝါတို့အား၊ ဘာဇေမ-အမျှ··· အမျှ···အမျှ ပေးဝေပါ ကုန်၏။ တေသတ္တာ-ထိုသတ္တဝါတို့သည်၊ အမှေဟိ-အကျွန်ုပ်တို့နှင့် သမံ-ထပ်တူ ထပ်မျှ၊ ပုညဘာဂံ-ကောင်းမှု၏။ အဖို့ဘာဂကို၊ (လဘန္တု-သုခန္တု)-အမျှရ၍ ချမ်းသာကြပါစေသောဝ်။

http://www.dhammadownload.com



## သာဓုခေါ်ပုံ

သဗ္ဗ သတ္တေဟိ ဒိန္န ပုညဘာဂံ မယံ အနု မောဒါမ။ ။

သဗ္ဗသတ္တေဟိ - အလုံးစုံသော သတ္တဝါတို့သည်၊ ဒိန္န - ပေးဝေအပ်သော၊ ပုညဘာဂံ-ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို၊ မယံ-အကျွန်ုပ်တို့သည်၊ အနုမောဒါမ- ဝမ်းမြောက်နှမော် သာဓုခေါ်ပါကုန်၏။ သူတော်ကောင်း သူမြတ်လောင်းတို့က ပေးဝေ အပ်သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုလည်း အကျွန်ုပ်တို့က ခံယူပါ၏။ သာဓုအနုမောဒနာ ခေါ်ဆိုပါ၏။ ........ သာဓု .... သာဓု .... သာဓု။

## ဂုဏ်တော်အားထား၊ အကျိုးပွား

* နိဗ္ဗာန်လိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

* စိတ်ကြည်လိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

* အောင်မြင်လိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

* ဉာဏ်ကြီးလိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

* ချမ်းသာစီးပွား များပြားလိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

* အပူခပ်သိမ်း အေးငြိမ်းလိုလျှင်....

  ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။

http://www.dhammadownload.com



* ဘေးရန်ခပ်သိမ်း ကင်းငြိမ်းလိုလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* အဆင်းရူပ ရှုမဝအောင် လှပလိုလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ရုပ်လက္ခဏာ အင်္ဂါကုံလုံပြည့်စုံလိုလျှင်
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* မျိုးနွယ်ဟိတ်ဇာတ် မြင့်မြတ်လိုလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ဘိညာဉ်တန်ခိုး ချာန်မျိုးရှစ်ဝ ရလိုကလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* ရှိသေခယ ခံလိုကလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* စိတ်လိုဆန္ဒပြည့်ဝလိုလျှင်....
ဂုဏ်တော်ပင် တွင်တွင်ပွားရမည်။
* လူနတ်ဦးခိုက် စေတီထိုက်လို....
ဂုဏ်တော်ကို ပိုမိုပွားရမည်။
* သူများစိတ်ကြံ အမှန်သိလို....
ဂုဏ်တော်ကို ပိုမိုပွားရမည်။
* ပစ္စည်းဥစ္စာ ရတနာရွှေ, ငွေ မလျော့စေလို ....
ဂုဏ်တော်ကို ပိုမိုပွားရမည်။
* ဗုဒ္ဓါနုဿတိ ပွားတုံဘိ သိရှိလာလိမ့်မည်။

http://www.dhammadownload.com



## စိတ်ယှုတ်မှာ ဘာရိတ်အုပ်ပါ၊ စိတ်မာန်ချ နိဗ္ဗာန်ရ

* ငါ၏ ကိုယ်တွင် လောဘဝင်က ဝင်လာလောဘ အနိုင်ရအောင် လောဘကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုးရှိခိုးပါ၏ဘုရား။
* ငါ၏ ကိုယ်တွင် ဒေါသဝင်က ဝင်လာဒေါသအနိုင်ရအောင် ဒေါသကင်းစင်ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား။
* ငါ၏ ကိုယ်တွင် မောဟဝင်က ဝင်လာမောဟ အနိုင်ရအောင် မောဟကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား။
* သြော်-ဘုရားရှင်ဂုဏ် သည်အာရုံဖြင့် မတုန်မလှုပ် ငါ့ကိုယ်ရုပ်လည်း ကြမ်းကြုတ်သည့်ရန် အောင်ပွဲခံလျက် ပူပန်မှုဘေး ကင်းစင်ဝေး သည် စိတ်အေးငြိမ်းချမ်းနေသည်တကား။

## လောကစံတရား တွေ့ကြုံငြား စိတ်ထားခိုင်ပါစေ

* တစ်ခုမရ၊ တစ်ခုရ၊ ရသည့်အတွက်၊ မာန်မတက်ရ။
* တစ်ခုမဆုံး၊ တစ်ခုဆုံးမှာ၊ ဆုံးသည့်အတွက်၊ စိတ်မပျက်ရ။
* တစ်ယောက်မခင်၊ တစ်ယောက်ခင်၊ ခင်သည့်အတွက် မာန်မတက်ရ။
* တစ်ယောက်မမုန်း၊ တစ်ယောက်မုန်း၊ မုန်းသည့်အတွက် စိတ်မကွက်ရ။

http://www.dhammadownload.com



* သူ-မကဲ့ရဲ့၊ သူကဲ့ရဲ့မှာ၊ ကဲ့ရဲ့သည့်အတွက်၊ စိတ်မပျက်ရာ။
* သူ-မချီးမွမ်း၊ သူချီးမွမ်းမှာ၊ ချီးမွမ်းသည့်အတွက်၊ မာန်မတက်ရာ။
* ဝမ်းသာဖွယ်ကြုံ၊ ပြည့်စုံသောခါ၊ ပြည့်စုံသည့်အတွက်၊ မာန်မတက်ရာ။
* ဝမ်းနည်းဖွယ်ကြုံ၊ တွေ့ဆုံသောအခါ၊ တွေ့ဆုံသည့်အတွက် စိတ်မပျက်ရာ။

## သူတို့လိုမဖြစ်စေနဲ့

| | | |
|---|---|---|
| - | မာရ်နတ်လို | မယုတ်မာနဲ့။ |
| - | ဒေဝဒတ်လို | မကြံစည်နဲ့။ |
| - | အဇာတသတ်လို | လူပေါင်းမမှားနဲ့။ |
| - | ဒဿဂီရိလို | အချစ်မကြီးနဲ့။ |
| - | ဇူဇကာလို | အစားမကြီးနဲ့။ |
| - | စူဠသုဘဒ္ဒါလို | ရန်ညိုးမထားနဲ့ |
| - | မဗျိုင်းမလို | ဘဝမမေ့နဲ့။ |
| - | အာဠာဝကလို | ဒေါသမကြီးနဲ့။ |
| - | အင်္ဂုလိမာလလို | မရက်စက်နဲ့။ |
| - | အရှိန့်အသိ | ထာဝရမြဲပါစေ။ |

http://www.dhammadownload.com



## ကုသိုလ်ဘက်ယိမ်းအောင် သတိနဲ့ထိန်းကြ

- အမြဲတမ်း မိမိစိတ်ကလေးကို သတိလေးနဲ့ ထိန်းထားနိုင်ရမယ်။ လူတိုင်း လူတိုင်းဟာ နေရင်း ထိုင်ရင်းပေမယ့် ကုသိုလ်ရရင်ရ၊ မရရင် အကုသိုလ်တော့ရမှာပဲ။ နှစ်မျိုးထဲရှိတယ်။

- ကြား ဆိုတဲ့ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ် အဗျာကတ ဆိုတာကတော့ သိပ်မဖြစ်နိုင်ဘူး။ တဖက်တော့ယိုင်ပါ လိမ့်မယ်။ ဒါကြောင့် သတိလေးနဲ့ ကုသိုလ်ဘက်ယိုင်အောင် ကြိုးစားကြ။

## ကိုယ်ချင်းစာ

- ကိုယ်လိုပဲ သူများတွေလဲ ချမ်းသာလိုကြတယ်၊
  ကိုယ်ချမ်းသာရေးအတွက် သူတပါးစိတ်ဆင်းရဲအောင် မလုပ်နဲ့။
  ကိုယ်လိုပဲ သူများတွေလဲ စားဝတ်နေရေးအတွက်
  ရုန်းကန်နေကြရတယ်။
  ကိုယ့်စားဝတ်နေရေးအတွက် သူများတွေကို
  ဒုက္ခရောက်အောင် မလုပ်နဲ့။

## မီးလှွတ်စား

မီးလွတ်စားနည်းဆိုတာ ရှိသေးတယ်။ မီးလွတ်ဆိုတာ မီးနဲ့ချက်တာ မချက်တာ ပြောတာမဟုတ်ဘူး။ သစ်သီး ဝလံပဲဖြစ်ဖြစ် စားချင်တဲ့ လောဘမီး၊ မစားချင်တဲ့ ဒေါသမီး၊ ဘာမှမသိတဲ့ မောဟမီးတွေရှောင်ခွာပြီး လွတ်အောင်စားတတ်ရင် မီးလွတ်တာပါပဲ။

http://www.dhammadownload.com



## မမေ့ကြနှင့်

နေ့တိုင်းစားပါလျက် မဝတာက အစား။
နေ့တိုင်းပြောပါလျက် မတတ်တာက စကား။
ထင်ရှားရှိပါလျက် မသိတာက တရား။
စိတ်ထောင်းတော့ ကိုယ်ကြေ၊
စိတ်လေတော့ ကိုယ်လွင့်၊
စိတ်ဓာတ်တွေ တည်ငြိမ်အောင် ကြိုးစားဖို့သင့်၊
မမေ့မလျော့သော သတိတရားနှင့် နေကြပါလေ။

## လောကမှာ နှစ်ဝမင်္ဂလာ

ပညာရှိမှာ သူတစ်ပါးက၊ ပြောရာစကား ဆင်ခြင်လေ၊
ယုံသင့်ယုံရာ တွေးတောချင့်လို့၊ ယုံသင့်စကား ယုံပါလေ၊
အဲဒါမှ လောကမှာ နှစ်ဝမင်္ဂလာပေ။

## သုသာန်ကြောက်လျှင်

ရုပ်နာမ်ကိုချစ်သမျှတော့ သုသာန်ပစ်နေရမှာပဲ။
ရုပ်နာမ်ကို မုန်းမှသာ သုသာန်ကဆုံးမယ်။
ဒါကြောင့် သုသာန်ဆုံးချင်လျှင် ရုပ်နာမ်ကို မုန်းနိုင်အောင် ကြိုးစားကြရမယ်။

## အသေမြတ်အောင်

အသာဘက်က နေကြလျှင်
အသေဘက်က နာကြလိမ့်မည်။

http://www.dhammadownload.com



## အလကားလူ

နေ့စဉ် ကုသိုလ်တစ်ခုတော့ရအောင် အားထုတ်ကြ၊
အလကားမနေကြနဲ့၊ အလကားနေရင် အလကားလူဖြစ်မယ်။

## နိဗ္ဗာန်တံခါး

ဒါနအရင်းခံ၊ သီလ ဦးစွာထုံ၊
ဂုဏ်တော်အလယ်ထား၊
ဝိပဿနာ နောက်ဆုံးပွားပြီး၊
နိဗ္ဗာန်တံခါးဖွင့်။

## ကြီးပွားတိုးတက်ကြောင်း

ဆန္ဒဝီရိယ၊ ရှိပြန်က၊ မုချတိုးတက်မည်။
စိတ်ရှည်သည်းခံ၊ အနေမှန်၊ ကေန်တိုးတက်မည်။
ရအောင်ရှာ၊ လုံအောင်ထိန်း၊
မျှအောင်သုံး၊ ပတ်ဝန်းကျင်ကောင်းနှင့် ပေါင်း။

## ပျက်စီးကြောင်းတရား (၄) ပါး

ပျက်လျှင် မပြင်၊ ပျောက်လျှင် မရှာ၊
ဗရပွာသုံး၊ ညဏ်တုံးသူအား အမှူးထား၊
လေးပါးပျက်စီးကြောင်း။

http://www.dhammadownload.com



## ဒို့အလုပ်

စိတ်ရှည်ဖွဲ့သန်

သည်းညည်းခံ

ကျင့်ကြံအားထုတ်

ဒို့အလုပ်။

## ဗောဓိတထောင် ဒို့လက်ဆောင်

ချမ်းသာလိုလား စိတ်ကောင်းထား။

ဆင်းရဲလိုမှု စိတ်ဆိုးထူ။

မေ့လျော့နေပြား အပါယ်လား။

ဗောဓိတထောင် ဒို့လက်ဆောင်။

## ရှောင့်ရဲမှု

ဆင်းရဲလိုလျှင် မော်ကြည့်။

ချမ်းသာလိုလျှင် ငုံ့ကြည်။

ရှောင့်ရဲနိုင်အောင် ကျင့်ကြံရမည်။

## "က" သုံးလုံး

- "က" သုံးလုံးနှင့် ပြည့်စုံအောင်နေရမယ်။ "က"သုံးလုံး ဆိုတာ ကောင်းတာလုပ်၊ ကောင်းတာပြော၊ ကောင်းတာကြံ၊ ကာယကံ ကောင်းကောင်း၊ ဝစီကံကောင်းကောင်း၊ မနောကံ ကောင်းကောင်း ဒါကိုဆိုလိုတာ။

http://www.dhammadownload.com



**"စ"သုံးလုံး**

စဉ်းစဉ်းစားစားလုပ်။

စေ့စေ့စပ်စပ်လုပ်။

ရှုရှုးစိုက်စိုက်လုပ်။

**"မ"သုံးလုံး**

သူများအကျိုး ပျက်စီးစရာကို

ဘယ်အခါမှ

မလုပ်နှင့်

မပြောနှင့်

မကြံနှင့်။

**"အ"သုံးလုံး**

''အ''သုံးလုံးနှင့် ပြည့်စုံအောင် နေရမယ်။

''အ'' သုံးလုံးဆိုတာ -

အမှောင်ထဲမှာ လင်းအောင်နေရမယ်။

အရှုပ်ထဲမှာ ရှင်းအောင်နေရမယ်။

အပူထဲမှာ အေးအောင်နေရမယ်။

**ကာလ (၃) ပါး**

အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂါတ်ကိုလည်း မကြံနဲ့။

ပစ္စုပ္ပန်ကိုလည်း မတွယ်နဲ့၊ ဖြစ်ပျက်ကို မြင်အောင်ရှု။

http://www.dhammadownload.com



## သာသနာ့ဝန်ထမ်း

သာသနာ့ဝန်ထမ်းနှင့် တူအောင်နေကြ၊
သာသနာက ကိုယ့်ဝန်ကို မထမ်းရစေနှင့်။

## သာသနာ့တာဝန်

ဗောဓိတထောင်မှာနေနေ အခြားနေရာမှာနေနေ သာသနာထဲမှာ
နေသမျှ တာဝန်တစ်ခုခုကို ထမ်းဆောင်နေရတယ်။
တာဝန်မထမ်းရင် သံသရာအကြွေးတင်တယ်။ ကျွဲနွားတွေလို
ပင်ပင်ပန်းပန်း အကြွေးဆပ်ရလိမ့်မယ်။
ကြက်၊ ဝက်များဆိုရင် အသွေးအသားတွေပေးပြီး
အကြွေးဆပ်နေရတယ်။

## တရားခံ

ကောင်းဆိုးနှစ်တန် တရားခံကား
အမှန်စင်စစ် ကိုယ်ပင်ဖြစ်၏။

## စိတ်၊ စေတနာ

စေတနာကောင်းလျှင် ကံကောင်းသည်။
စေတနာဆိုးလျှင် ကံဆိုးသည်။
စိတ်ကောင်းရှိမှ မိတ်ကောင်းရမည်။

http://www.dhammadownload.com



## စိတ်ထား

အထင်သေးက အမှားဆုံး၊ မယဉ်ကျေးက အများမုန်း။
မခင်သော်လည်း မမုန်းစေနှင့်။
မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာမည်။

## စိတ်မနွမ်းစေနှင့်

စိတ်ထောင်းတော့ ကိုယ်ကြေသည်။
စိတ်နွမ်းတော့ လူပန်းသည်။
ကိုယ်ဘယ်လိုပန်းပန်း စိတ်မနွမ်းစေနှင့်။

## သတိတရား

သဒ္ဓါလွန်လျှင် ဆွဲ့သည်။ ပညာလွန်လျှင် ကွန့်သည်။
ဝီရိယလွန်လျှင် ပျံ့သည်။ သတိရှိတာ လွန်သည်မရှိ။


## အကြောင်းနှင့်အကျိုး

ဥစ္စာရှိမှ မှီခိုရာ၊ အရံအတားရှိမှပြည့်စုံရာ။
ဝယ်တတ်မှရသည်။ ရောင်းတတ်မှမြတ်သည်။
လာဘ်ရှိမှ ပေးနိုင်သည်။ အထိန်းရှိမှ ဥစ္စာပွားသည်။
အရင်းကြီးမှ အမြတ်များသည်။ အသွင်အပြင်လှမှ လူရိုသေသည်။
အနေအထိုင်ကျစ်လစ်မှ ချစ်ခင်သနားသည်။
အရည်အသွေးရှိမှ အောင်သည်။ အခွဲအခြမ်းရှိမှ စေ့စပ်သည်။

* * * * *

http://www.dhammadownload.com








## ဗောဓိပင်၏ ထူးခြားချက်များ

* မြတ်စွာဘုရားရှင်နှင့် ဖွားဘက်တော်ခုနစ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်ခြင်း၊
* ပရိဘောဂစေတီထိုက်ခြင်း၊
* မြတ်စွာဘုရားရှင်၏ မာရ်နတ်ရန်ကို အောင်မြင်တော်မူရာ အောင်မြေဖြစ်ခြင်း၊
* သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်တော်မူရာဖြစ်ခြင်း၊
* ဗောဓိပင်ပေါက်မည့် မြေနေရာသည် ကမ္ဘာတည်လျှင် အဦးဆုံး ဖြစ်ခြင်း၊
* ကမ္ဘာပျက်လျှင် နောက်ဆုံးမှပျက်ခြင်း၊
* တစ်ခါတစ်ရံ ဗောဓိညောင်ရွက်များသည် ကန်တော့ထိုးခြင်း တို့ဖြစ်သည်။

အရှင်မာနိတ (မုံရွာ) အုတ်ကန်တောရ


http://www.dhammadownload.com



http://www.dhammadownload.com



ဗောဓိကွင်းနှင့် ဗောဓိကိုးထောင်ကျော်



http://www.dhammadownload.com





# ဗုဒ္ဓဘုရားရှင်တို့နှင့် မဟာဗောဓိပင်များ

ထေရဝါဒ ဗုဒ္ဓသာသနာတော်တွင် ဗောဓိပိုင်သ-သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကြီးများကို ကျမ်းဂန်များ၌ ဤသို့ကြည်ညိုတွေ့ရှိရပါသည်။

၁။ တဏှင်္ကရာမြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်)

၂။ မေဓင်္ကရာမြတ်စွာဘုရာ (သရက်ဖြူဗောဓိပင်)

၃။ သရဏင်္ကရာမြတ်စွာဘုရား (ညောင်ကြပ်ဗောဓိပင်)

၄။ ဒီပင်္ကရာမြတ်စွာဘုရား (ညောင်ကြပ်ဗောဓိပင်)

၅။ ကောဏ္ဍညမြတ်စွာဘုရား (နဘဲဗောဓိပင်)

၆။ မင်္ဂလမြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်)

၇။ သုမနမြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်)

၈။ ရေဝတမြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်)

၉။ သောဘိတမြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်)

၁၀။ အနောမဒဿီမြတ်စွာဘုရား (ထောက်ကြန့်ဗောဓိပင်)

http://www.dhammadownload.com



၁၁။ ပဒုမမြတ်စွာဘုရား (ကြောင်လျှာဗောဓိပင်)

၁၂။ နာရဒမြတ်စွာဘုရား (ကြောင်လျှာဗောဓိပင်)

၁၃။ ပဒုမုတ္တရမြတ်စွာဘုရား (ထင်းရှူးဗောဓိပင်)

၁၄။ သုမေဓမြတ်စွာဘုရား (မအူကြီးဗောဓိပင်)

၁၅။ သုဇာတမြတ်စွာဘုရား (ကြခတ်ဝါးဗောဓိပင်)

၁၆။ ပိယဒဿီမြတ်စွာဘုရား (ရေခံတက်ဗောဓိပင်)

၁၇။အတ္တဒဿ ီမြတ်စွာဘုရား (စကားဗောဓိပင်)

၁၈။ ဓမ္မဒဿီမြတ်စွာဘုရား (မျက်နှာပန်းဗောဓိပင်)

၁၉။ သိဒ္ဓတ်မြတ်စွာဘုရား (မဟာလှေကားဗောဓိပင်)

၂၀။ တိဿမြတ်စွာဘုရား (ပိတောက်ဗောဓိပင်)

၂၁။ ဖုဿမြတ်စွာဘုရား (သျှိသျှားဗောဓိပင်)

၂၂။ ဝိပဿီမြတ်စွာဘုရား (သခွတ်ဗောဓိပင်)

၂၃။ သိခီမြတ်စွာဘုရား (သရက်ဖြူဗောဓိပင်)

၂၄။ ဝေဿဘူမြတ်စွာဘုရား (အင်ကြင်းဗောဓိပင်)

၂၅။ ကကုသန်မြတ်စွာဘုရား (ကုက္ကိုဗောဓိပင်)

၂၆။ ကောဏာဂုဏ်မြတ်စွာဘုရား (ရေသဖန်းဗောဓိပင်)

၂၇။ ကဿပ မြတ်စွာဘုရား (ပညောင်ဗောဓိပင်)

၂၈။ ဂေါတမ မြတ်စွာဘုရား (ညောင်ဗုဒ္ဓဟေဗောဓိပင်)

၂၉။ အရိမေတ္တေယျ မြတ်စွာဘုရား (ကံ့ကော်ဗောဓိပင်၌ ပွင့်တော်မူလတ္တံ့)

**အရှင်ဓမ္မရက္ခိတ**

http://www.dhammadownload.com



## ဗောဓိတထောင်မှ ဗောဓိကိုးထောင်

ကမ္ဘာပေါ်၌ ဗောဓိပင် ပင်ရင်းအစစ် သုံးပင်ရှိသည်။ တစ်ပင်မှာ ဗုဒ္ဓဂယာရှိ မြတ်စွာဘုရား သဗ္ဗညုတရွှေဉာဏ်တော်ရရှိပြီး ဘုရားအဖြစ် ရောက်ရာနေရာရှိ ဗောဓိပင်ဖြစ်သည်။ ယင်းဗောဓိပင်လည်း ယခုထက်တိုင် ထင်ရှားရှိနေသည်။ ဒုတိယဗောဓိပင်မှာ ဇေတဝန်ကျောင်းတော်ရာ၌ ယခုထက်ထိရှိနေသော အာနန္ဒာဗောဓိပင်ဖြစ်သည်။ တတိယဗောဓိပင်မှာ အသောကမင်းတရားကြီး၏ သမီးတော် သင်္ဃမိတ္တာထေရီ ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ ဒက္ခိဏသာခါလက်ယာတောင်ကိုင်းကို သယ်ဆောင်သွားပြီး သီဟိုဠ်ကျွန်း အနုရာဓမြို့၌ စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်သည်။ ဗောဓိတထောင်ဆရာတော်စိုက်ပျိုးထားသော ဗောဓိပင်တစ်ထောင် (သို့) ကိုးထောင်သည် အနုရာဓပူရရှိ ဗောဓိပင်အစစ်ပင်ရင်းမှ ကိုင်းကူး စိုက်ပျိုးထားခြင်းဖြစ်၍ အရေအတွက် အံ့သြ လောက်အောင်များစေကာမူ ပင်ရင်းဗောဓိပင်အစစ်မှ အစဉ်အဆက်ကိုင်း ကူးယူပြီး စိုက်ပျိုးထားသော ဗောဓိပင်များဖြစ်သည်။

ပါရဂူ

http://www.dhammadownload.com



## ဇော်တိ (၉) ထောင်ကျော်

ဆရာတော် ဦးပဥ္စင်းဘ၀ သက်တော် (၃၀)၊ ရဟန်း (၁၀) ဝါရသည်မှ သာသနာတော်အတွက်ဟူသော ယုံကြည်ချက်ဖြင့် အသက်ကို ပဓာနမထားပဲ စိုက်ပျိုးခဲ့သော အသီးအပွင့်များကား ယခုသက်တော် (၇၅) နှစ်အရွယ်တွင် မြန်မာသာမက ကမ္ဘာသို့ပင် ကျော်လွှားထင်ရှားခဲ့ပေပြီ။

မြေ (၁၅) ကေဖြင့် စတင်ခဲ့သော သာသနာ့အောင်မြေသည် ယခုအခါ ၂၄၃.၈၁၇ ကေ ကျယ်ဝန်းခဲ့ပြီ။ ဇော်တိပင် (၂၇)ပင်ဖြင့် စတင်ခဲ့သော သာသနာ့အောင်မြေသည် ယခုအခါ ဇော်တိပင်ပေါင်း (၉၀၀၀) ကျော်လေပြီ။

ဒေါ်ခင်ဆွေဦး

ဇော်တိတထောင်ဆရာတော်ကြီးသည် မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာ ဒါယကာ၊ ဒါယိကာမများ လှူဒါန်းခဲ့သော မြေ (၁၅)ကေတွင် ဇော်တိပင်ပျို (၂၇)ပင် စိုက်ကာ ၁၃၃၂-ခုနှစ်မှ စတင်တည်ထောင်စိုက်ပျိုးခဲ့ပါသည်။ ယခုအခါ ဇော်တိတထောင် သာသနာ့နယ်မြေကြီးသည် ကေပေါင်း (၂၅၀) ခန့်ရှိပြီး **ဇော်တိပင်ပေါင်း** (၉၀၀၀)ကျော်ရှိနေပေပြီ။ ၁၃၂၂-ခုနှစ်တွင် ဇော်တိပင်များစတင် စိုက်ပျိုးခဲ့ခြင်းကို **"အောင်-စည်-ကျော်-ခိုက်၊ ဇော်တိစိုက်"**ဟု အတိုကောက်မှတ်သားနိုင်ပေသည်။

မုံရွာနေဇာ

http://www.dhammadownload.com



# The Summary History Of Bodhi Trees In Bodhitahtaung

Out of two great events in the early Buddhist history of Ceylon, the transplantation of a branch of the *Bodhi* tree under which *Gotama* attained the Buddhahood was a happy idea of *Asoka.* This served as an inspiration to the people who had recently embraced the Buddhist religion. The second event was the bringing of the Buddha's tooth from India more than 500 years later.

During the reign of the King Min Done , Ven. Suneya, the great master of U Moe, the governer of Dipeying Town, made a pilgrimage to Sri Maha Bodhi Tree in Sri Landka. He brought a Bodhi tree to Myanmar from there when he returned. He grew it in his temple, named Koe Su, which he lived in near the village, now called Ywakyat which is the native village of Bodhitataung Sayadaw. In 1960 April 6th, Bodhitataung Sayadaw transplanted and grew some of the Bodhi Trees from Koe Su Temple to Bowdhitataung monastery when he founded a new temple, now called Bodhitataung. In Pali language, Bodhi means 'Wisdom'; Tataung means onethousand. Therefore, Sayadaw named his

http://www.dhammadownload.com




temple Bodhitataung which means one thousand Bodhi trees. At first Sayadaw began to grow 27 Bodhi trees and then he grew more and more Bodhi trees in his temple. Now there are more than 9000 Bodhi trees in Bodhitataung. From all around the world, many Buddhist people visit Bodhitataung to pay homage to the Bodhi trees and Buddha statutes every day.

**Ven. Indobhāsa** *(M.A. University of Kelaniya, Sri Lanka)*


*(Disciple of Maha Bodhitahtaung Sayadaw)*

Maha Bodhitahtaung Temple.





http://www.dhammadownload.com



အနီးကပ်၍ ကြီးကြပ်

http://www.dhammadownload.com



အနီးကပ်၍ကြီးကြပ်



http://www.dhammadownload.com





## ရေအလှူတော်

ဖိုးခေါင်တောင်တန်းကြီးကို နောက်ခံပြုထားသော ဗောဓိတထောင်ဒေသတစ်ပိုက်၌ အကြီးမားဆုံး အခက်အခဲတစ်ခုမှာ သောက်ရေရှားပါးခြင်းဖြစ်သည်။ တူးဖော်သမျှ ရေတွင်းများမှာလည်း များသောအားဖြင့် ရေငန်သာထွက်သည်။ ပြည်သူများ ရေအခက်အခဲပြေလည်စေရန် ဆရာတော်သည် ဆည် (၅)ဆည် တည်ဆောက်လျက် တောင်ကျရေကို သိုလှောင်ပေးထားသည်။ အလှမ်းဝေးသော အရပ်ဒေသများအတွက်လည်း စက်ရေတွင်းပေါင်းများစွာ တူးလျက်ပိုက်လိုင်းသွယ်ပြီးလျှင် ရေရရှိရေး စီစဉ်ပေးထားသည်။

ပါရဂူ

http://www.dhammadownload.com



ဖိုးခေါင်တောင်တန်းကြီးကို နောက်ခံပြုထားသည့် ဗောဓိတစ်ထောင်ဒေသတဝိုက်တွင် အကြီးမားဆုံးအခက်အခဲမှာ သောက်သုံးရေရှားပါးမှုဖြစ်သည်။ ရေတွင်းတူးဖော်သမျှ အများအားဖြင့် ရေငန်များသာ ထွက်ရှိသည်။ ဆရာတော်ဘုရားကြီးသည် ဆည် (၅)ခုတည်ဆောက်၍ တောင်ကျရေများကို သိုလှောင်ပေးခြင်း၊ ဝေးကွာသည့်ဒေသတွင် စက်ရေတွင်းပေါင်းများစွာ တူးဖော်၍ ပိုက်လိုင်းသွယ်တန်းကာ ရေတင်ခြင်းဖြင့် ရေအလှူတော် ကုသိုလ်ပြုတော်မူပါပေသည်။

ဒေါ်ခင်ဆွေဦး

ခတက္ကန်တောင်ရွာ၊ မြောက်ရွာနဲ့ တောင်ရိုးတန်းလေးမှာရှိကြတဲ့ ကြီးအုပ်၊ ဘန်စီ၊ နိဗ္ဗာန်ဝ စတဲ့ရွာကလေးတွေက မိုးရေ၊ ကန်ရေကို အားကိုးပြီး သုံးစွဲကြရတဲ့ ရွာတွေပါ။ မိုးရာသီမှာ ရေအခက်အခဲမရှိကြပေမယ့် နွေရာသီ ခြောက်သွေ့ချိန်မှာတော့ ရေအခက်အခဲရှိတတ်ကြပါတယ်။ ခတက္ကန်တောင်ရွာနဲ့ မြောက်ရွာက သစ်ညိုပင်၊ ဆည်ကြီးတောရွာဘက်ဆင်းပြီး ရေစည်တိုက်ကြရပါတယ်။ ကြီးအုပ်ရွာကတော့ သူတို့ရွာကလေးအတွက် ဖူလုံအောင် သုံးစွဲနိုင်တဲ့ရေတွင်းရှိတယ်။ ဘန်စီရွာနဲ့ နိဗ္ဗာန်ဝရွာတို့ကတော့ သူတို့နှစ်ရွာကြားက ကြာကန်ကြီးကရေကို သုံးစွဲကြရတယ်။ ကြာကန်ကြီးရေကလည်း မိုးခေါင်တဲ့နှစ်တွေမှာ နွေရာသီရေခန်းခြောက် ပြတ်လပ်ပါတယ်။

http://www.dhammadownload.com



ခုတော့ဖြင့် မဟာဗောဓိတထောင်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့် တောင်ရိုးတစ်လျှောက်ရွာကလေးတွေမှာ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း ရေအတွက် ရတက်မပွေရတော့ဘူးပေါ့။ ရင်ကို အေးမြစေပါပြီ။

ကိုလေးမြတ်

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဟူသော စကားရှိ၏။ ရေ၏ အရေးပါမှုကိုဆိုခြင်းဖြစ်ပါသည်။ စစ်ကိုင်းခရိုင်၏ အချို့ဒေသများ၌ ရေအလွန်ခက်ခဲသည်ကို တွေ့ရပါသည်။ ၁၉၇၂-နှစ် အတွေ့အကြုံအရ မြင်းမူမြို့နယ်၊ တောချောင်းဦးတိုက်နယ်အတွင်း ပဒတ်ထိုင်းကျေးရွာမှာဆိုလျှင် ရွာထွက်ရေ တစ်စက်မျှ မရှိချေ။ ရေရဖို့ ၁၂-မိုင်ခန့်ဝေးသည့် ပဲတောင်းဖက်သို့ ရေစည်နှင့်သွားတိုက်ရသည်။ မဗေဒါရေခပ်သလို ခပ်ပါမှ ရေတစ်စည်ရသည်။ ရလာသည့်ရေက ရွှံ့နှစ်ရေ၊ ဤရေကိုမှ အကြည်ခံကာ သုံးရသည်။ ရေကြည်အောင် ခပေါင်းရေကြည်စေ့၊ မြေပဲဆန်တို့ကို သုံးရသည်။

ဗောဓိတထောင်ဆရာတော်သည် မိမိဒေသရေအခက်အခဲကို ပြေလည်စေရန် တောင်ကျရေကို ကန့်၍ ဆည်ငါးခုတည်ဆောက်ပြီး ရေသိုလှောင်ပေးတော်မူပါသည်။ ထို့ပြင် စက်တွင်းများတူး၍လည်း ရေရအောင် စီမံဆောင်ရွက်ပေးတော်မူပါသည်။

ကျော်လှိုင်

http://www.dhammadownload.com





## ဗုဒ္ဓါနုဿတိ

ဆရာတော်ဘုရားသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ခု-ရာ-ထောင် ဂဏန်း စသည်ကို ကျော်လွန်၍ ကုဋေပေါင်းတစ်ရာငါးဆယ်ကျော် ပွားများတော်မူပြီးဖြစ်သည်ဟု မိန့်ကြားဖူးပါသည်။

အရှင်စက္ကပါလာလင်္ကာရ (မဟာဗောဓိတထောင်)

အသက် ၂၀-ပြည့် ရဟန်းဖြစ်သည့် အချိန်ကစ၍ ရေတွက်ရာယနေ့ ၁၃၅၂-ခု၊ သက်တော် ၆၀-အပြည့်မှာ အားထုတ်ခဲ့သော ဂုဏ်တော်ပေါင်း ၇၄၁၅၈၃၇၄၈ (ခုနစ်ဆယ့်လေးကုဋေ, တစ်သန်း, ငါးသိန်း, ရှစ်သောင်း, သုံးထောင်, ခုနစ်ရာလေးဆယ့်ရှစ်)ဖြစ်ပါသည်။

မိဂဒါဝုန်ဆရာတော်

http://www.dhammadownload.com



နေ့စဉ်၊ လစဉ်၊ နှစ်စဉ် နံနက် (၂) နာရီခွဲမှာထပြီး တရားအားထုတ်ရာ နံနက်အရုဏ် ဘုဉ်းပေးရန် ၅-နာရီ အခန်းပြင်ဘက် ထွက်လာချိန်၌ ဂုဏ်တော် ၄-သောင်းလောက်ရနေပြီတဲ့။ နံနက် ၇-နာရီအချိန်မှစပြီး တစ်နေကုန်တစ်နေခန်း ဘုရားဖူးလာသူတို့အား ဖူးမြော်ခွင့်ပေးရင်း ကြားညှပ် ကြားညှပ်၍ ပုတီးစိပ်ဂုဏ်တော်ပွားး၍ တရားအားထုတ်ရာ ည ၁၂-နာရီအထိ နေ့စဉ်ဂုဏ်တော် ၈-သောင်း၊ ၈-သောင်း ကျော်ရပါ၏တဲ့။

မိုဂဒါဝုန်ဆရာတော်

ဆရာတော်သည် "မဖြစ်"ဆိုသည့် စကားပြောလျှင် လုံး၀ မကြိုက်ပါ။ အကြောင်းကိုရှာသည့်အခါ စိတ်ကို ဗုဒ္ဓ၏ဂုဏ်တော်တို့ဖြင့် မွမ်းထုံထားသောကြောင့် ဖြစ်သည်ဟု တွေ့ရသည်။ ဘယ်မျှလောက် မွမ်းထုံထားပါသနည်း။ ဒီနှစ် ဝါဆိုခါနီးအချိန် စာရေးသူကို အင်္ဂလိပ်စာ သင်ပေးခဲ့ဖူးသော ဆရာတစ်ပါး အလည်ရောက်လာ၍ ဆရာတော်ထံ ဖူးမြော်ရန် လိုက်ပို့ရာ "အရှင်ဘုရားဂုဏ်တော်တွေ ပွားများတာ ဘယ်လောက်ရပြီလဲဘုရား"ဟု မေးရာ၊ "တပည့်တော် ကုဋေတစ်ရာ့ငါးဆယ်ရပြီဘုရား။" "တစ်နေ့ဘယ်လောက်စိပ် သလဲ"မေးရာ၊ "ပုံမှန်တစ်ထောင်လောက်ပါ"ဟု ပြန်ဖြေတော်မူ၏။

အရှင်ဣန္ဒောဘာသ

http://www.dhammadownload.com



မဟာဗောဓိတထောင်ဆရာတော်သည် မကြာခဏဆိုသလို တပည့်ဒကာ ဒကာမတို့အား -"လက်ဖဝါးဟာ နှစ်ဖက်တီးမှ မြည်တာ တစ်ဖက်တည်း တီးရင် မမြည်ဘူး၊ တစ်ဖက်က အတိတ်၊ တစ်ဖက်က ပစ္စုပ္ပန်၊ နဲနဲတီးရင်၊ နဲနဲမြည်တယ်၊ များများတီးရင် များများမြည်တယ်"ဟု ဆုံးမသည်ကို ကြားရပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ဂုဏ်တော်သည် မိမိတို့၏ စိတ်၌ များများထုံမှ များများအကျိုးပေးမည်ဆိုတာကို ယုံကြည်ထားရပေမည်။

**ဗုဒ္ဓဂုဏ်တော်၊ကုဋေကျော်**


- ၁၃၂၂-ခု (၁၉၆၁) မှ ၁၃၄၄-ခု (၁၉၈၂) တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက် ဗုဒ္ဓဟူးနေ့၊နံက် (၉) နာရီ၊(၄၅) မိနစ်-**လေးဆယ့်နှစ်ကုဋေ**
- ၁၃၄၇-ခု (၁၉၈၅) ကဆုန်လကွယ်-**ငါးဆယ့်တစ်ကုဋေ**
- ၁၃၅၀-ခု (၁၉၈၈) တော်သလင်းလပြည့်ကျော် (၈) ရက်၊ **ခြောက်ဆယ့်လေးကုဋေ၊ခြောက်သန်း၊လေးသိန်း၊ခုနစ်သောင်း**
- ၁၃၅၄-ခု(၁၉၉၂)ပြာသိုလဆန်း(၁၀)ရက် **ရှစ်ဆယ့်နှစ်ကုဋေ၊ သုံးသန်း၊ခုနစ်သိန်း**
- ၁၃၅၅-ခု (၁၉၉၃)တပေါင်းလပြည့်ကျော်(၁၅)ရက်၊ **ရှစ်ဆယ့်ရှစ်ကုဋေ၊သုံးသန်းလေးသိန်း**
- ၁၃၆၁-ခု (၁၉၉၉)ပြာသိုလပြည့်ကျော်(၈)ရက်၊**ကုဋေတစ်ရာ့ကိုးဆယ်**
- ၁၃၆၇-ခု (၂၀၀၆)**ကုဋေတစ်ရာ့ငါးဆယ်**

(ဆရာတော်ဘုရားကြီး၏ မှတ်စုမှတွေ့ရှိချက်)

အရှင်ဣန္ဒောဘာသ

http://www.dhammadownload.com





# သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား

မုံရွာမြို့မှ (၁၁) မိုင်အဝေးတွင်ရှိသော ဗောဓိတစ်ထောင်ဒေသ တစ်ဝိုက်တွင် ခတက္ကန်မြောက်ရွာ၊ တောင်ကြား၊ ကြီးအုပ်၊ သစ်ညိုပင်၊ ဆည်ကြီးတော၊ လှည်းဒါး၊ မြိုင်စီ၊ ကျောက်ကွဲစသော ကျေးရွာအများ အပြားရှိသည်။ ဗောဓိတထောင်ဆရာတော်သည် ဗောဓိတထောင် သာသနာ့နယ်မြေ စတင်တည်ထောင်ကထဲက ယင်းကျေးရွာများမှ ရွာသူ ရွာသားများကို နံနက်စာ ညစာ ချက်ပြုတ်ကျွေးမွေးပြီး နေ့စား လစား လုပ်အားခပေးလျက် လုပ်အားအပေးခိုင်းသည်။ ရွာသူ ရွာသားများသည် လုပ်အားပေးရင်း ပန်းရံ၊ ပန်းပု၊ လက်သမားကျွမ်းကျင် တတ်မြောက် လာကြပြီးလျှင် နောက်ပိုင်းကျသောအခါ မြန်မာနိုင်ငံဒေသ အနှံ့အပြား သို့သွားပြီး မိမိတို့တတ်မြောက်ထားကြသည့် အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းအလုပ် လွယ်ကူစွာလုပ်နိုင်သည့်အခြေအနေ သို့ပင် ရောက်ရှိသွားကြသည်။ ဆရာတော်၏ လုပ်ငန်းများအတွက် လုပ်အားပေး သော အလုပ်သမားများမှာ နေ့စဉ်ပုံမှန် အနေအထားအရ အလုပ်သမားဦးရေ (၂၀၀) ကျော်ရှိပြီး မိုးခေါင်ရေရှား အလုပ်အကိုင် ရှားပါးချိန်၌ အလုပ်သမားဦးရေ (၅၀၀) ကျော်ရှိသည်။

ပါရဂူ

http://www.dhammadownload.com



## ခေတ်ကွန်၊ ပြောင်းဆန်က၊ ပြောင်းပြန်ဖြစ်

မိုးရာသီ၌ လှည်းဘီးတစ်ဝက်မြုပ်လောက်အောင် ရွှံ့ညွန်ထူထပ်သဖြင့် ဆောင်းရာသီ၊ နွေရာသီ၌သာ သွားလာ၍ လွယ်ကူသော တစ်ရွာဝင် တစ်ရွာထွက် သမ္ဗုဒ္ဓေဗောဓိတထောင်လမ်းခရီးကိုလည်း မာဃကတ္တရာလမ်းမကြီး အသစ်ဖောက်ကာ ရွာတို့သို့ ဝင်ထွက်စရာမလိုဘဲ ရာသီမရွေး သွားလာလို့ရသည်အထိ ပြောင်းလဲစေခဲ့ပါသည်။

သစ်ပင်၊ ကျောက်တုံးတို့သာရှိခဲ့သော မင်းဝံတောင်တန်းကြီးကိုလည်း ရုပ်ပွား၊ စေတီတော်များဖြင့် တန်ဆာဆင်လျက် စည်ကားတင့်တယ်စေ ခဲ့ပါသည်။

ဤမျှလောက် မထင်ရှားသည့်အရပ်ဒေသကို ထင်ရှားကျော်ကြားသည့် သာသနာ့နယ်မြေအဖြစ် တိုးတက်ပြောင်းလဲအောင် စွမ်းဆောင်တော်မူနိုင်သော ယောကျ်ားဇာနည် ဆရာတော်ဘုရားကြီး ပေါ်ပေါက်လာသဖြင့်

ဒုလ္လဘော ပုရိသဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊
တံ ကုလံ သုခမေဓတိ။

ယောကျ်ားဇာနည်ကို ရနိုင်ခဲ၏၊ ထိုယောကျ်ားဇာနည်သည် နေရာတိုင်း၊ ဒေသတိုင်း၊ နိုင်ငံတိုင်း၌မဖြစ်၊ အကယ်၍များဖြစ်ခဲ့လျှင်တော့ ထိုယောကျ်ားဇာနည် ပေါ်ထွန်းရာဒေသ အမျိုးအနွယ်သည် ချမ်းသာနိုင်

http://www.dhammadownload.com



၏-ဟူသော ဒေသနာတော်အတိုင်း ဤနေရာဒေသတွင် နေထိုင်ကြသော ရဟာန်းရှင်လူအများစုတို့ ဆင်းရခြင်းဒုက္ခမှ လွတ်မြောက်ကြရပြီး ချမ်းသာခြင်းသုခကို ကိုယ်စီကိုယ်ငှခံစားနေကြရပါသည်။

**"ခတက္ကန်၊ ပြောင်းဆန်က၊ ပြောင်းပြန်ဖြစ်လိမ့်မည်"**ဟု နိုင်ငံကျော် ကမ္မဋ္ဌာနာစရိယ မိုးညှင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သုမနထေရ် မိန့်ကြားတော်မူခဲ့သည့်အတိုင်း စာရေးသူတို့ငယ်စဉ်က အများအားဖြင့် ပြောင်းဆန်ကိုသာ စားခဲ့ကြသော ခတက္ကန် ရွာသူ ရွာသားတို့သည် ယခုအခါ၌ ရပ်ဝေး ရပ်နီးမှ လာရောက်ကြသည့် ဘုရားဖူး ဧည့်သည်တော်များအား သနပ်ခါးရောင်းခြင်း၊ အလှူကုန် ရောင်းခြင်း၊ စားသောက်ကုန် ရောင်းခြင်းစသည်ဖြင့် အသက်မွေးဝမ်း ကျောင်းပြုလျက် စီးပွားလာဘ်လာဘများ တိုးတက်ကောင်းမွန်လာကာ ပြောင်းဆန်ကို မစားတော့ဘဲ စပါးဆန်ကိုပဲ စားကြပါတော့သည်။

အရှင်ခေမာစာရ

ထို့ပြင် အခါအားလျော်စွာ ဆောင်ရွက်တော်မူသည့် ပရဟိတ လုပ်ငန်းများ လည်းရှိပါသေးသည်။ ယင်းတို့မှာ ရေဘေး၊ မီးဘေးစသော သဘာဝဘေးဒဏ် အန္တရာယ်တို့ကြောင့် ဒုက္ခရောက်ကြသူများကို သိန်းရာပေါင်းများစွာ တန်ဖိုးရှိသော ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ ဆေးပစ္စည်းစသည်များကို ထောက်ပံ့လှူဒါန်းခဲ့လေသည်။ အနီးအနား ဒေသဖြစ်လျှင် အိမ်ဆောက်ရန် သစ်၊ ဝါးစသော အိမ်ဆောက်ပစ္စည်း များကိုလည်း ထောက်ပံ့ပေးတော်မူပါသည်။

မုံရွာနေဇာ

http://www.dhammadownload.com



ဆရာတော်သည် ၁၃၅၈-ခုနှစ်မှစ၍ ဗောဓိတထောင်ပရိယတ္တိစာသင်တိုက်ကို တည်ထောင်ခဲ့ပါသည်။ စာသင်၊ စာချ သံဃာတော်များနှင့် စာအောင် သံဃာတော်များကို ဝါဆိုဦး၌ ဝါဆိုသင်္ကန်းတစ်ပါးတစ်စုံကိုနှစ်စဉ်လှူဒါန်းပါသည်။ ဆရာတော်၏ မွေးနေ့ဖြစ်သော တပို့တွဲလပြည့်နေ့တိုင်း ပင့်သံဃာတော်များနှင့် ကျောင်းတိုက်ရှိ သံဃာတော်များကိုလည်း သင်္ကန်း၊ ဘိနပ်၊ ထီးစသည်တို့ကို စာရေးတံမဲချကာ လှူဒါန်းပါသည်။ ယခုဆိုလျှင် စင်္ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံစတဲ့ နိုင်ငံများမှ လှူဒါန်းသော ကွန်ပျူတာများနှင့် အစားအသောက်မျိုးစုံ အဝတ်အထည်အစရှိသော ပစ္စည်းအမျိုးမျိုးကိုလည်း အနီးအနားသာမက အဝေးဒေသသို့လည်း အဆက်အသွယ်ရှိ သလောက် ပေးကမ်းလှူဒါန်းပါသည်။

အရှင်စန္ဒောဘာသ

ဆရာတော်ဘုရားကြီး၏ ပရဟိတအလုပ်တို့မှာ များပြားလှသည်။ မုံရွာမြို့မှ လျှပ်စစ်မီးများနှင့် အော်တိုတယ်လီဖုန်းများ ဆက်သွယ်ပေးထားသည့်အတွက် ရွာသူရွာသားများမှာ တီဗွီ၊ အထက်စက်၊ အောက်စက်၊ ဂြိုလ်တုစလောင်း၊ ရေခဲသေတ္တာ၊ အဲယားကွန်းစသည့် ခေတ်မီပစ္စည်းများ အသုံးပြုခွင့်ရပြီး အဆင့်အတန်းမီမီနေထိုင်နိုင်ကြပါသည်။

http://www.dhammadownload.com



ရွာအခြေခံ မူလတန်းကျောင်းကို တွဲဘက်အထက်တန်းကျောင်း အဆင့်ရောက်အောင် ဦးစီးဆောင်ရွက်တော်မူပြီး ဆရာနေအဆောင်များနှင့် နှစ်ထပ်ကျောင်းဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းထားသေးသည်။ မဟာဗောဓိတစ်ထောင် ကျောင်းတိုက်အတွင်းမှာပင် ဆရာတော်၏ တပည့် ရဟန်းတော်များက ဦးစီး၍ ခေတ်မီ ကွန်ပျူတာ သင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် မဟာဗောဓိတထောင် ကျောင်းတိုက်ခွဲ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်ကာ ကလေးငယ် (၅၀၀)ကျော်ကို အခြေခံမူလတန်း ပညာရပ်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေများ သင်ကြားပေးခြင်း၊ တက္ကသိုလ် ကျောင်းသူ ကျောင်းသားများကို ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးပါသည်။

ဒေါ်ခင်ဆွေဦး

ဆရာတော်ကြီး သီတင်းသုံးရာ မုံရွာကို ရောက်လို့ဘဲဖြစ်ဖြစ် ဆရာတော်ကြီး ရန်ကုန်ကြွလာလို့ပဲဖြစ်ဖြစ် ဦးခိုက်တဲ့အချိန်တွေ ရော၊လူကိုယ်တိုင်မရောက်ဖြစ်လည်း လူကြုံနဲ့ရော ဆရာတော်ကြီးက တစ်ခုမဟုတ်တစ်ခု ချီးမြှင့်လေ့ရှိတယ်လေ။ကိုယ့်ကိုမှမဟုတ်ဘူး လူတိုင်းကို ပေးကမ်းချီးမြှင့် လှူဒါန်းချင်နေတာ အချိန်တိုင်းပဲ။ မုံရွာ ဗောဓိတထောင်ကို ဘုရားဖူးရောက်ခဲ့သူတိုင်းလည်း သတိပြုမိမှာပါ။ ဆရာတော်ကြီးရှိတဲ့အချိန်တွေဆိုရင် လာဖူးကြသူတိုင်းကို စိတ်ပုတီး၊

http://www.dhammadownload.com



ပန်းပေါင်းတစ်ထောင်နဲ့သွန်းတဲ့ဘုရားရုပ်ပွားတော်တွေ ချီးမြှင့်လေ့ရှိပါတယ်။ အဲဒီလိုလှူဖို့တွေကို အရန်သင့်အများကြီးရှိနေအောင် ဆရာတော်ကြီး စီစဉ်တတ်မှန်းသိတော့ တပည့်ဒကာတွေကလည်း ဆရာတော်ကြီး စိတ်သွားတိုင်းကိုယ်ပါ လှူနိုင်အောင် စီမံလှူဒါန်းပေးဖြစ်ကြတယ်။ ဆရာတော်ကြီးက သူ့ဆီလာသူတိုင်းကို သူ့လက်ဆောင်ရစေချင်ပါတယ်။ ဝတ္ထုပစ္စည်းမရှိရင်တောင် ဆုံးမစကား လက်ဆောင်အမြဲပေးလေ့ရှိပါတယ်။

အမြဲတမ်းလှူဒါန်းပေးကမ်းချင်နေတဲ့ ဆရာတော်ကြီးရဲ့ဆန္ဒအတိုင်းပဲ ဈာပနသဘင်ရက်တွေမှာလည်း ထမင်းရည်ချောင်းစီးဆိုသလို့ပဲ အလှူကြီးပေးနိုင်ခဲ့ပါပြီ။ ဒါနပါရမီထက်သန်ပြီး အလှူကြီးပေးလိုတဲ့ဆရာတော်ကြီးရဲ့ ဆန္ဒကိုလည်း ကျန်ရစ်ခဲ့ကြတဲ့ တပည့်ဒကာ၊ ဒကာမတွေက ဖြည့်စွက်ကျေးဇူးဆပ်ပေးခဲ့ကြပါပြီ။ ဆရာတော်ကြီးရဲ့ မေတ္တာစာတ်နဲ့ ရည်သန်ခဲ့တဲ့အတိုင်း အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့လည်း ဘဝရဟတ်အစသတ်နိုင်ကြပါစေ။

ငွေသော်တာ(ပေါ်ပြူလာဂျာနယ်)၁၂-၁၂-၂၀၀၆

" အဘွားတို့ရဲ့ အားကိုးရာ လက်ရုံးတစ်ဆူပြိုကျသွားသလိုပါပဲ။ အဘွားတို့ တစ်နယ်လုံးက ဆရာတော်ကြီးရဲ့ အရိပ်ကို ခိုနေရတာ။ အဘွားတို့ရဲ့ ရွာသူ/သား၊ နယ်သူ/သားတွေ အလုပ်အကိုင်စားဝတ်နေရေး ပြေလည်အောင် ဆရာတော်ကြီးကပဲ ဖန်တီးပေးခဲ့တာ။ အခုတော့ … "ဟု ဝမ်းနည်းစွာပြောပြနေသူမှာ ခတ္တကန် ကျေးရွာသူ အဘွားဒေါ်ညိုကြည်ဖြစ်သည်။

http://www.dhammadownload.com



“ အသွားတို့တစ်နယ်လုံးက ကြီးငယ်မရွေး နယ်သူ/နယ်သား တွေကို အလုပ်တွေပေးထားတာ။ သင့်တော်သလို ပန်ရံအလုပ်၊ လက်သမားအလုပ်၊ ကျောက်ခွဲအလုပ်စတာတွေ ပေးထားတယ်။ ကလေးတွေကအစ ပုံတော်ရောင်း၊ စာအုပ်ရောင်းနဲ့ ဝင်ငွေတွေ ရကြတယ်။ ဝတ်စရာ၊ စားစရာ၊ မပူရဘူး။ အသွားတို့တစ်နယ်လုံး က ဆရာတော်ဘုရားရဲ့ အရိပ်ပဲခိုနေရတာ” ဟု **အသွားဒေါ်ညိုကြည်က** သူတို့နယ်တစ်ဝိုက်ကို ဆရာတော်ဘုရားကြီးစောင့်ရှောက်ခဲ့ပုံကို ပြန်ပြောင်းပြောပြသည်။

“ အား ဘယ်လိုပြောလိုက်တာပါလိမ့်။ ကိုယ့်ရဲ့မိဘအရင်း အချာတစ်ယောက် ဆုံးပါးသွားသလိုပဲ။ အဘကတော့ တစ်ညနေ လုံးငိုနေတာပဲ”ဟု ဆရာတော်ဘုရားအသက်ရှိထင်ရှားစဉ်က နှိပ်နင်းပေး ခြင်းဖြင့် ဝတ်ဖြည့်ပေးခဲ့သော အသက် ၆၀ ကျော်အရွယ် **ဦးညိုက** အငိုမျက်နှာဖြင့် ပြောကြားခဲ့သည်။

မိုးမင်းဆို၊ အေးမြကျော်(7 DAY) ဂျာနယ်၊ (၃၀. ၁၁. ၂၀၀၆)



http://www.dhammadownload.com





## သမထဘာဝနာစွမ်းအား

စာရေးသူငယ်စဉ်က မန္တလေးတောင်၊ ရန်ကင်းတော်၊ မန်းစက်တော်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်စသည့် နေရာများကို ရောက်သောအခါ ရသေ့ကြီးဦးခန္တီ ဆောက်လုပ်ခဲ့သော သာသနိက အဆောက်အဦများကို ကြည့်၍စဉ်းစားမိသည်။ ဒီအဆောက်အဦတွေဟာ သစ်သားတစ်ခုမျှမပါ၊ သံဘောင်တွေသက်သက်ပြုလုပ်ထားသည်။ ဒီသံဘောင်ကြီးတွေကို ဒီတောတွေ၊ တောင်တွေပေါ်ရောက်အောင် ဘယ်လိုများ ပို့ဆောင်ထားပါလိမ့်-ဟုတွေးမိသည်။ ထိုစဉ်က တချို့က ရသေ့ကြီး ဦးခန္တီဟာ အင်းအရာမှာ အတော်ကျွမ်းကျင်သည်ဟု ပြောဆိုရာ ဒီသံဘောင်တွေကို ဒီတောတွေ၊ တောင်တွေပေါ်ကို အလိုလိုရောက်အောင် အင်းပညာဖြင့် ပြုလုပ်လိုက်သည်ဟူသော အဓိပ္ပါယ်ကို သက်ရောက်စေပါသည်။ မဟာဗောဓိတထောင်ဆရာတော်၏ အလွန်ကြီးမားသော ရုပ်တော်မှု

http://www.dhammadownload.com



ဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်လိုက်သောအခါ ထိုစဉ်က စိတ်ထဲမှာ မရှင်းလင်းခဲ့သော မေးခွန်းများသည် ယခုရှင်းသွားပေသည်။ သမထဘာဝနာ စိတ်စွမ်းအား ကြီးမားသောသူတို့၏ အထံသို့ လောကီပညာစွမ်းအားရှိသူများ၊ ဥစ္စာဓနစွမ်းအားရှိသူများ၊ အာဏာစွမ်းအားရှိသူများသည် အလိုလိုရောက်လာကြသည်ကို စာရေးသူအနေနှင့် တွေ့မြင်မိပါသည်။ ထိုစွမ်းအားရှင်တို့ ပူးပေါင်း၍ လုပ်ဆောင်လိုက်သောအခါ ဤကဲ့သို့ မယုံကြည်နိုင်သော ဧရာမကြီးကျယ်ခမ်းနားသည့် အဆောက်အဦကြီးများဖြစ်ပေါ်လာရပေသည်။

ဆရာတော်၏ ရှေးဘုန်းရှေးကံနှင့် ယခုမျက်မှောက် အလုပ်စွမ်းအားကို စာရေးသူအနေနှင့် မြင်မိသည်မှာ ဆရာတော်၏ အထံသို့ တစ်ထောင်လှူသူနောက်၊ တစ်သောင်းလှူသူရောက်လာသည်။ တစ်သောင်းလှူသူနောက်၊ တစ်သိန်းလှူသူရောက်လာသည်။ တစ်သိန်းလှူသူနောက်၊ ဆယ်သိန်းလှူသူရောက်လာသည်။ ဆယ်သိန်းလှူသူနောက်၊ သိန်းတစ်ရာလှူသူရောက်လာသည်။ သိန်းတစ်ရာလှူသူနောက်၊ သိန်းတစ်ထောင်လှူသူ ရောက်လာသည်များကို ဆရာတော်ဘုရားထံ အနီးနေထိုင်သည့် အတွေ့အကြုံအရ သတိပြုမိလာပါသည်။

ဆရာတော်၏ ငယ်စဉ်ဘဝအစတွင် စာရေးသူ၏ အဘိုးအဘွားများဖြစ်ကြသော ဆရာတော်၏ ပထမဦးဆုံး ရဟန်းဒါယကာ - ဦးထိန် ဒေါ်သန့်တို့၏ တစ်နှစ်လျှင် တစ်ဆယ် တစ်ဆယ့်ငါးကျပ်သော နဝကမ္မတို့ဖြင့် တစ်နှစ်တာ စာသင်သားဘဝကို လောက်ငအောင်

http://www.dhammadownload.com



လျှောက်လှမ်းခဲ့ရသည်။ ထို့ကြောင့် ဘဝသည် တံငါသည်စကားဖြင့် ပြောရလျှင် ''ဘုံလုံ တစ်လှည့်၊ ငါးပျံတစ်လှည့်၊'' မုဆိုးစကားဖြင့် ပြောရလျှင် ''ဘတစ်ပြန် ကျားတစ်ပြန်''၊ နန်းတွင်းစကားဖြင့် ပြောရလျှင် ''မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်''၊ ဆရာတော်အမိန့်ရှိသည့်အတိုင်း ပြောရလျှင် ''သတ္တဝါတွေဟာ သံသရာမှာ မြုပ်မျော၊ ပေါ်မျောနေကြရသည်သာ''ဖြစ်သည်။ အမြဲတန်းမြုပ်ပြီး မမျောနိုင်သလို အမြဲတန်းပေါ်ပြီးတော့လည်း မမျောနိုင်ပါ။ အကြောင်းမှာ သတ္တဝါတွေသည် အကောင်းနှင့် အဆိုး နှစ်မျိုးတို့တွင် တစ်ခုမဟုတ် တစ်ခုကို အမြဲတန်းပြုလုပ်နေသော ကြောင့်ဖြစ်သည်။


အရှင်ဣန္ဒောဘာသ



http://www.dhammadownload.com







## သာသနာအတွက် အသက်ကိုမငဲ့ကွက်
(စာသင်သားဘဝ)

ပခုက္ကူမြို့ နေစဉ် ကျန်းမာရေးချို့တဲ့နေသည့်ကြားကပင် သီတင်းသုံးဖော်သံဃာတော်များအတွက် နေ့စဉ်နေ့တိုင်း သောက်ရေသုံးရေဖြည့်ဆည်းပေးခြင်း၊ ကျောင်းဝန်းကို တံမြက်လှည်းသန့်ရှင်းခြင်း၊ သံဃာ (၈၀၀)ကျော် အသုံးပြုသည့် ကုဋီများကို နေ့စဉ်နေ့တိုင်း သုတ်သင်ရှင်းလင်း၍ ကနုတ်များကို ဆေးကြောခြင်းစသည့် ဝေယျာဝစ္စကုသိုလ်များကို ဖြည့်ကျင့်တော်မူခဲ့ပါသည်။ အများနှင့်မတူသော၊ အများမလုပ်နိုင်သော ကျင့်ဝတ်ပဋိပတ်များဖြစ်၍ ကြည်ညိုအားကျစရာကောင်းလှပါသည်။

သကျမောင်

http://www.dhammadownload.com



စာသင်သားဘဝ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ကြီးတွင် နေထိုင်စဉ်က မကျန်းမမာဖြစ်နေသည့်ကြားမှပင် အနားမနေနိုင်အားဘဲ သံဃာနှင့် သာသနာအတွက် အသက်ကို မငဲ့ကွက် ခန္ဓာကိုယ်ခွန်အားကို အသုံးချခဲ့ကြသည်။ ယင်းတို့မှာ ကျောင်းတိုက်သံဃာတော်များ သောက်သုံးကြရန် သောက်ရေ၊ သုံးရေများ နေ့စဉ်ထည့်သည်။ နေ့စဉ် ကျောင်းဝိုင်းထဲတွင် တံမြက်စည်းလှည်းကျင်းသန့်ရှင်းခဲ့သည်။ သံဃာ (၈၀၀) ကျော်အသုံးပြုထားသည့် ကုဋီ (အိမ်သာ) များကို စင်ကြယ်အောင် ဆေးကြောသုတ်သင်သည်။ အသုံးပြုထားသော 'ကနုတံ' (မစင်သုတ်သည့် တုတ်ချောင်း)များကို မရွံမရှာ တာဝန်ယူဆေးကြောခဲ့သည်။ အတူနေ သမဂ္ဂသံဃာသာမဏေများကို ညီရင်းအစ်ကိုပမာ ပြုစုစောင့်ရှောက်ခဲ့သည်။ ဤသည်တို့ကား ဆရာတော်ကြီး၏ ဝေယျာဝစ္စကုသိုလ်ယူ ဆောင်ရွက်ခဲ့ပုံ (တစ်စိတ်တစ်ဒေသ) ဖြစ်ပါသည်။

**မုံရွာနေဇာ**


"ခင်ဗျား ကြားဖူးမှာပေါ့။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၊ ပိဋကတ် တိုက်မှူး - မာဂဓီသာစည် ဆရာတော်ကြီးဆိုတာလေ၊ အဲဒီ မာဂဓီသာစည် ဆရာတော်ကြီးနဲ့ အခုမဟာဗောဓိတထောင်ဆရာတော်နဲ့ဆိုတာ ပခုက္ကူမဟာဝိသုတာရာမ အလယ်တိုက်မှာပညာသင်ဖက်တဲ့ဗျ။ နေဦး၊ မာဂဓီသာစည်ဆရာတော်က "မဟာဗောဓိတထောင်ဆရာတော်ကြီးရဲ့ ထေရုပတ္တိစာအုပ် နိဒါန်းမှာ ရေးထားတာလေး

http://www.dhammadownload.com



ခင်ဗျားကို ဖောက်သည်ချရဦးမယ်။ မဟာဗောဓိတထောင် ဆရာတော်ဖြစ်လာမည့် စာသင်သား ဦးဇင်းကလေး အရှင်နာရဒသည် ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးတွင် နေစဉ်အခါက ကျန်းမာရေးချို့တဲ့နေမှုကြားက သံဃာများအတွက် သောက်သုံးရေ နေ့စဉ်တာဝန်ယူဖြည့်ဆည်းခြင်း၊ ကျောင်းဝန်းကို တံမြက်လှည်း သန့်ရှင်းခြင်း၊ သံဃာ-ခုနစ်ရာကျော်အသုံးပြုသည့် ကုဋီများကို နေ့စဉ် ရှင်းလင်းသုတ်သင်၍ ကနုတံများကို တာဝန်ယူဆေးကြောခြင်း၊ အတူနေ သာမဏေများအပေါ် ညီရင်းများပမာ တတ်နိုင်သလောက် စောင့်ရှောက်ကျွေးမွေး၍ စာမှန်မှန်ကျက်ရန်၊ ဓွဲလုံ့လဝီရိယရှိရန်၊ ဆရာသမားများရဲ့ ကျေးဇူးကို အစဉ်သတိရရန် အမြဲတစေဆုံးမသွန်သင်လေ့ရှိသည်လို့ ရေးထားတာခင်ဗျ”

မိချမ်းဝေ



http://www.dhammadownload.com



## တကယ့်ကို တော်တဲ့ဆရာတော်

၁၃၅၂-ခု ပြာသိုလပြည့်ကျော် (၉) ရက် အင်္ဂါနေ့ နံနက် (၅း၄၅)နာရီ အတောင်နှစ်ရာနှစ်ဆယ့် နှစ်တောင်ရှိမည့် လျှောင်းတော်မူ၏ ပလ္လင်တော်ကြီးကို ကြွရောက်ပန္နက်ချရာ အအေးမိသွား၍ ၄င်းည (၁) နာရီမှစ၍ ဝမ်းလျှောရာ လပြည့်ကျော် (၁၀) ရက် ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီထိ ဆယ်ကြိမ်၊ (၁၀/၁၁) ရက် နှစ်ရက်တိုင်တိုင် ဆွမ်းမစားပါ။ သို့သော် နံနက် (၂း၃၀) နာရီ အိပ်ရာမှ ထနေကျထ၍ မျက်နှာသစ်သည်ကို တွေ့ရပါသည်။ တကယ့်ကို တော်တဲ့ဆရာတော်ပါ တကား။

ဆရာတော်သည် ည (၁၂) နာရီကျိန်းပြီး နံနက် (၂း၃၀) နာရီမှာ နိုးသည်ဖြစ်၍ တစ်ညနှင့် တစ်နေ့ (၂၄)နာရီရှိသည်တွင် (၂း၃၀) နာရီ ကျိန်းလေ့ရှိသည်။ အအိပ်အနေအလွန်နည်းပါသည်။ ရန်ကုန်မြို့သို့ကြွရောက်သောအခါများ၌မူ အလွှာအမျိုးမျိုးသော ပရိသတ်တို့သည် ရောက်လေရာတိုင်းမှာ ကြိတ်ကြိတ်တိုး ဖူးတွေ့ကြ၍ ည (၁၁) နာရီထိပင် မကျိန်းရရှာ။ သို့သော် နံနက် (၂း၃၀) နာရီမှာတော့ ထမြဲထပါသည်။ အံ့ဖွယ်ရာပင်ဖြစ်ပါ၏။

http://www.dhammadownload.com



ဗောဓိတထောင်ဆရာတော်သည် နှစ်စဉ် ရက် ၃၀-ရက်ဖြစ်စေ၊ ၄၅-ရက်ဖြစ်စေ သီးသန့်သီးခြားနေရာယူသတ်မှတ်၍သာ တရားအလုပ်အားထုတ်သည်မဟုတ်။ မိမိနေသော ကျောင်းတိုက်တွင်း၌လည်း အမြဲတမ်းတရားအားထုတ်သည်ကိုတွေ့ရသည်။ ဆရာတော်သည် အအိပ်အနေလည်းနည်းသည်။ အစားအသောက်လည်းနည်းသည်၊ ဆောင်း၊ နွေ၊ မိုးရာသီသုံးချိန်လုံးမှာ နံနက်တိုင်း (၂း၃၀)နာရီအချိန် အိပ်ရာမှ ထလေ့ရှိ၍ ညအချိန်၌မူ (၁၂)နာရီကျိန်းလေ့ရှိပါသည်။

"တပည့်တော်က ဆောင်းခါဆိုရင် ခြုံစောင်ကို အလွန်အမင်း မခြုံဘူး။ သိပ်နွေးနေတော့ မနက် (၂း၃၀)နာရီ အိပ်ရာက မထချင်ဘဲ နေမှာစိုးလို့။ ဒါတောင် တစ်ခါတစ်ခါ မထချင်တဲ့အခါ ကုတင်ပေါ်က နေပြီး အောက်ကို လှိမ့်ချလိုက်တာ" ဟု ဆရာတော်က စာရေးသူအား မိန့်ဖူးပါ၏။

မိဂဒါဝုန်ဆရာတော်

http://www.dhammadownload.com







## ကျေးဖူးသိတတ် မထေရ်မြတ်

ထို့ပြင် ဆရာတော်ဘုရားကြီးသည်လည်း မဟာဗောဓိ တထောင်ကျောင်းတိုက်ကို ထန်းလက်ကျောင်းကလေးဖြင့် စတင်ခဲ့ပြီး "သူပြုဖူးအပ်၊ ကျေးဇူးမြတ်ကို၊ သိတတ်သူသာ၊ ချမ်းသာရာ၏" ဟူသည်နှင့်အညီ ဆရာတော်နှင့် စပ်သမျှ သာသနာ့ဒါယကာ၊ ဒါယိကာမများ၏ "အစအဦး" ဒါယကာထူးတို့ကို မှတ်တမ်းတင်တော်မူခဲ့သည်ကိုလည်း ကြည်ညိုမှတ်သားခဲ့ရပါသည်။ ၎င်းတို့မှာ-

ဗောဓိပင်အစ ဦးအောင်ထူးက
မြေအစ ဦးအုန်းမောင်က
ဗောဓိပလ္လင်အစ ဦးသာရင်က
ကျောင်းအစ ဦးအောင်ဖေက
ရဟန်းဒါယကာအစ ဦးထိန်က
ဒီပါအေးအစ ဦးထွန်းမောင်က
သိမ်အစ ဦးအုန်းဖေက
အောင်စကြာအစ ဦးလှမင်းက -
လျှောင်းတော်မူအစ ဒေါ်အေးမိမင်းက

http://www.dhammadownload.com



ရပ်တော်မူအစ ဦးထွန်းနေဝင်းက-ဟု မှတ်တမ်းပြုရ အသိအမှတ်ပြုထားတော်မူသည်မှာ ဆရာတော်ဘုရား၏ သူတပါး ကျေးဇူးကို မေ့ထားတော်မမူတတ်သည်မှာ အလွန်ကြည်ညိုဖွယ် ကောင်းသော ဂုဏ်ထူး-တစ်ရပ်ပင်ဖြစ်ပါသည်။

ဒေါ်ရူပသီဂီ

(မြဝတီသီလရှင်စာသင်တိုက်)

၁၃၄၁-ခုနှစ် မတိုင်မီကတော့ တစ်နေ့တာအဖို့ အနီးအဝေးလာ ကြသူများကို ငဲ့ပြီး အချိန်ပြည့်လိုပဲ၊ တစ်နေကုန် အဖူးမြော်ခံပါသည်။ "အနီးအဝေးလာရတာ အားနားစရာကြီး ကိုယ်တော်၊ ဘယ်အချိန်မှာ တွေ့နိုင်သည်။ ဘယ်အချိန်မှာတွေ့နိုင်တယ်လို့ မလုပ်တော့ပါဘူး။ လာကြသူတိုင်း အချိန်ပြည့်တွေ့နိုင်အောင်နေတာပါပဲ"ဟု စာရေးသူအား မိန့်ဖူးပါသည်။

မိဂဒါဝုန်ဆရာတော်

http://www.dhammadownload.com



## သာသနိကအဆောက်အဦများ

ဆောက်လုပ်ပြီးစီးသော ရုပ်ပွားတော်များတွင် ကမ္ဘာ့ခ္ဒိ အကြီးဆုံးဖြစ်သော အလျား ဉာဏ်တော် (၃၃၃) ပေ ၆-လက်မရှိသည့် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး နှင့် နောင်အချိန် ကမ္ဘာ့အကြီးဆုံး ဖြစ်လာမည့် ဉာဏ်တော်အမြင့် ၄၄၅-ပေ ၆-လက်မ၊ အထပ်ပေါင်း (၃၁)ထပ် ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးလည်း လက်ရှိ နှစ်ဆယ့်ရှစ်ထပ် အထိ တည်ဆောက်ပြီးစီးနေလေပြီ။


ဒေါ်ခင်ဆွေဦး

ရုပ်ပွားဆင်းတုတော် (၁၀၀၀၀)ကျော်၊ ဉာဏ်တော်အမြင့် ၂၁၆-ပေ၊ ၆,လက်မ၊ အရံစေတီတော်ပုံ (၁၀၆၀)ဖြင့် ရွှေတိဂုံစေတီတော်ပုံ တည်ဆောက်ထားသည့် အောင်စကြာစေတီတော်မြတ်ကြီးနှင့် ဘုံ (၇)ဆင့် အမြင့် တည်ဆောက်ထားသည့် ဒီပါအေးစေတီတော် အပါအဝင် စေတီတော်ပေါင်းများစွာကိုလည်း တည်ထားပူဇော်ပြီးလေပြီ။


သံဃာ့ဆေးရုံ၊ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်၊ သံဃာအပါး (၁၀၀)ကျော် သီတင်းသုံးရာ ကျောင်းပေါင်း (၅၀)ကျော်၊ ပဋ္ဌာပတ်အားထုတ်ရာ သာသနာ့ရိပ်သာ အဆောက်အဦများ၊ ပရိယတ္တိစာသင်ကျောင်းဆောင်များ နှင့် အခြားသာသနိက အဆောက်အဦတို့လည်း တည်ဆောက်သာသနာပြု နိုင်ခဲ့လေပြီ။

ဆူးငှက်


http://www.dhammadownload.com



http://www.dhammadownload.com




လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပထမအကြိမ် ဌာပနာ




http://www.dhammadownload.com






http://www.dhammadownload.com



http://www.dhammadownload.com



လေးကျွန်းစကြာ ကမ္ဘာ့အံ့ဖွယ် ရပ်တော်မူဘုရားကြီး

http://www.dhammadownload.com







## ပရိယတ္တိသာသနာ

ဆရာတော်ကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိစာသင်တိုက်များ တည်ထောင်နိုင် ရန်အတွက် အရည်အချင်းပြည့်ဝသော တပည့်စာချ ဆရာတော်လောင်းလျာများ ပေါ်ထွက်လာရေးအတွက် ယခုကတည်းက ပြုစုပျိုးထောင်နေခြင်းဖြစ်သည်။ ထိုကြောင့်လည်း ခတက္ကန်တစ်ရွာ တည်းမှပင် စာသင်ပျို့နု သောတုဇနေ ရှင်, ရဟန်းတော်ပေါင်း အပါး(၅၀)ခန့်ထွက်ရှိပြီး၊ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော် (၆)ပါး၊ ဓမ္မာစရိယတန်း ကျမ်းစွဲ/ရောက်ရှိ (၁၅)ပါး၊ အခြား ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းဝင် စာသင်သားပေါင်း (၃၀)ခန့်ရှိသည်။ ဆရာတော်ကြီး ပြုစုပျိုးထောင်ပေးခဲ့သော တပည့်များကလည်း ယခုအခါ၌ မုံရွာ-ဗောဓိတထောင် သာသနာ့မြေပေါ်တွင် စာသင်တိုက်ကြီးအဖြစ် တွဲဖက်ဖွင့်လှစ်၍ စာသင်သား (၇၂)ပါးတို့ကို စာချ၊ စာသင်ပေးလျက် ဆရာတော်ကြီး၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးနေကြသည်။ ထို့ပြင် ဆရာတော်ကြီး တည်ထောင်ထားသော ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ မဟာဗောဓိတထောင်ကျောင်းတိုက်ခွဲတွင်လည်း စာသင် သားများလက်ခံ၍ စာချ၊ စာသင်ပရိယတ္တိသာသနာကို ကျေပွန်စွာ ထမ်းရွက်သယ်ပိုးနေကြပြီဖြစ်သည်။

အရှင်ထေရဝံသ (ပုသိမ်)

http://www.dhammadownload.com



ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင် "မဟာဗောဓိတထောင် ကျောင်းတိုက်ခွဲ"ကို တည်ထောင်ဖွင့်လှစ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးစေခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ဒဂုံ (မြို့သစ်) တောင်ပိုင်းတွင်လည်း "မဟာဗောဓိတထောင်ကျောင်းတိုက်ခွဲ"ကို တည်ထောင်ပြီး ဘုန်းတော်ကြီးသင်မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ကာ ကလေးသူငယ် (၅၀၀)ကျော်တို့အား အခြေခံမူလတန်း ပညာရပ်များ သင်ကြားစေခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ သင်ကြားပေးစေခြင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုလည်း ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာ သင်တန်းများ သင်ကြားပေးစေခြင်းတို့ကို ဆောင်ရွက်တော်မူပါသည်။

မုံရွာနေဗာ

ဓမ္မကိုပူဇော်သောအားဖြင့် ၁၃၂၈-ခုနှစ်မှစ၍ နေ့စဉ်နံနက် (၁)နာရီ၊ ည (၁)နာရီ တရားခွေများကို ဖွင့်၍ နှစ်ပေါင်း (၄၀) ပူဇော်ခဲ့ရာ တရားခွေပေါင်း (၂၉၂၃၀)ကိုလည်း ပူဇော်ပြီးဖြစ်ပါသည်။ ထို့ပြင် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သောအားဖြင့် စာသင်တိုက်ကြီးဖွင့်လှစ်လျက် စာချစာသင်သံဃာတော် (၁၃၀)ကျော်တို့၏ ပစ္စည်းလေးပါးကို တာဝန်ယူပြီး သာသနာပြုတော်မူပါသည်။

ဒေါ်ပညာဝတီ(မြဝတီသီလရှင်စာသင်တိုက်)

http://www.dhammadownload.com



မဟာဗောဓိတထောင်၏ သဒ္ဒါကြည်ညိုဖွယ် ရှုမြင်ကွင်းများ



http://www.dhammadownload.com



ဝိဇ္ဇာကူ


http://www.dhammadownload.com





http://www.dhammadownload.com







## ကျေးဇူးရှင် ဗောဓိတထောင်ဆရာတော်ဘုရား

ဗောဓိတထောင်ဆရာတော်ဘုရားကြီးကို လေးစားကြည်ညို ကိုးကွယ်ဆည်းကပ် ယုံကြည်အားထားကြတဲ့ ရဟန်းရှင်လူ ဒကာ၊ ဒကာမတွေဟာ မြန်မာပြည်တလွှားသာမက ကမ္ဘာနဲ့အဝှန်းမှာရှိနေကြပါတယ်။

အဲဒီလို လေးစားကြည်ညို ကိုးကွယ်ဆည်းကပ် ယုံကြည်အားထားကြတဲ့ ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမအားလုံးကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ စိမ်းသည်ဖြစ်စေ၊ ရင်းသည်ဖြစ်စေ ဘယ်သူ့ကိုမဆို ဆရာတော်ကြီးဟာ တူညီသော မေတ္တာပေးပါတယ်။

ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမတွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာသာသနာအရေးစတဲ့ အရေးအမျိုးမျိုးကို ဆရာတော်ကြီးက နည်းအမျိုးမျိုးနဲ့ ကူညီဖြေရှင်းပေးပါတယ်။ အကြံဉာဏ်ကောင်းများပေးပြီး ဆုံးမဩဝါဒလည်းပြုပါတယ်။ အသက်အန္တရာယ်ဘေးအမျိုးမျိုးကလည်း ကယ်ဆယ်နိုင်သလောက် ကယ်ဆယ်တော်မူပါတယ်။ ချီးမြှင့်မြှောက်စားခြင်းလည်းပြုပါတယ်။

http://www.dhammadownload.com



အဲဒီလို ရဟာန်း၊ ရှင်လှူ၊ ဒကာ၊ ဒကာများအပေါ်မှာထားရှိတဲ့ စေတနာ၊ ကရုဏာနဲ့ ဂုဏ်ကျေးဇူးတွေအကြောင်းကို စနစ်တကျ စုစည်းလိုက်မယ်ဆိုရင် အင်မတန်ပြည့်စုံပြီး ကြည်ညိုဖွယ်ရာကောင်းတဲ့ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိတခုဖြစ်လာမှာ ကေန်မုချပါဘဲ။

* * * * *

အောက်ပါဖြစ်ရပ်တစ်ခုကတော့ ကျွန်တော်နဲ့ ဆရာတော်ကြီးတို့ တွေ့ဆုံရင်းနှီးကျွမ်းဝင်ပြီး ကိုးကွယ်ဆည်းကပ်ခဲ့တဲ့ကာလအတွင်းမှာ ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်များစွာထဲက ဆရာတော်ကြီးရဲ့ ကြည်ညိုလေးစားဖွယ်၊ အံ့သြဖွယ်ဖြစ်ရပ်တစ်ခုပါပဲ။

ဤဖြစ်ရပ်ကို မှတ်တမ်းတင်ခြင်းဖြင့် ကျေးဇူးရှင်ဆရာတော်ကြီးကို ပူဇော်ပါတယ်။

* * * * *

## ဘုရားဒကာများအဖြစ်ချီးမြှင့်ခံရ

ရန်ကုန်၊ အလုံလမ်းက အဖွားသိန်းအိမ်ရောက်တော့ အဖွားက ခါတ်ပုံတစ်ပုံပြတယ်။

"သားရယ်-ဒီမှာကြည့်ပါဦး။" ပဲခူး-ဒေးစွန့်ပါမှာ အဖွားတည်ပြီးတဲ့ နဂါးရုံဘုရား။ နဂါးရုံဘုရားတည်ရင် 'အမြီးအမောက်' တည့်ရမယ်ဆိုလို့ အဖွားမှာ တည်ပြီးမှ 'အမြီးအမောက်' တည့်အောင်ပြန်ပြင်ရသေးတယ်။"

http://www.dhammadownload.com



ကျွန်တော်ဟာ အဖွားသိန်းပြတဲ့ နဂါးရုံဘုရားဓါတ်ပုံကို ကြည့်ရင်းက ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာမိတယ်။ နားရွက်ကစပြီး တကိုယ်လုံးပူထူလာတယ်။

"အဲဒီလို နဂါးရုံဘုရားမျိုးတည်ချင်လိုက်တာ။ အဲဒီလိုနဂါးရုံ ဘုရားမျိုးတည်ချင်လိုက်တာ"

ကျွန်တော်ဟာ ကလေးငယ်တစ်ယောက်လို ပါးစပ်က တတွတ်တွတ် အော်ဆိုနေမိပါတယ်။

"သားရယ်-အေး-မင်းဆန္ဒတနေ့မှာ ပြည့်မှာပေါ့ကွယ်"

အဖွားသိန်းက ကျွန်တော့်ကို နှစ်သိမ့်စကားပြောပါတယ်။ အဲဒီ အချိန်ကစပြီး နဂါးရုံဘုရားတည်ချင်တဲ့စိတ်ဆန္ဒ ကျွန်တော့်ရင်ထဲမှာ ဖြစ်ခဲ့ရပါတယ်။

မကြာခင်မှာဘဲ ကျွန်တော်ဟာ ဗောဓိတထောင်ဆရာတော် ကြီးဆီကိုရောက်ခဲ့ပါတယ်။

တမနက် ဆရာတော်ဘုရားကြီးဟာ ဒကာ၊ ဒကာမများရဲ့ အဖူးမြော်ခံဖို့အတွက် ကျောင်းပေါ်ကဆင်းလာတော့ ကျွန်တော်လည်း ပရိသတ်ရှေ့မှာဘဲ ဆရာတော်ကြီးကို နဂါးရုံဘုရားတည်ချင်ကြောင်း လျှောက်ထားမိခဲ့ပါတယ်။

"ဆရာတော်ဘုရား၊ တပည့်တော်နဂါးရုံဘုရားတစ်ဆူတည်ချင် ပါတယ်ဘုရား"

"အေး... ရပါတယ်ကွယ်။ မင်းကဘယ်လောက်ကြီးကြီး တည်ချင်တာလဲ"

http://www.dhammadownload.com



"တပည့်တော်က ဉာဏ်တော်သေးသေးမဟုတ်ဘဲ၊ ဉာဏ်တော်တော်တော်ကြီးကြီးတည်ချင်ပါတယ်ဘုရား"

"တစ်ဆယ့်ရှစ်တောင်လောက်ဆိုရင်ရော"

"ကောင်းပါတယ်ဘုရား..."

"မင်းက ဘယ်နားမှာတည်ချင်တာလဲ"

"ဆည်ထိပ်၊ ချောင်းထိပ်မှာတည်ချင်တာပါဘုရား"

"အေး... ကောင်းပါတယ်ကွယ်"

"ဉာဏ်တော်တစ်ဆယ့်ရှစ်တောင်ဆိုရင် ဘယ်လောက်ကုန်ပါမလဲဘုရား"

"ပန်းရံမေးကြည့်ရအုံးမှာပေါ့.... ငွေတိုးကို သွားခေါ်စမ်း"

ဆရာတော်ကြီးက ဒကာတစ်ယောက်ကို ပန်းရံဆရာသွားခေါ်ခိုင်းလိုက်ပါတယ်။

မကြာခင် ပန်းရံဆရာငွေတိုးဆိုတဲ့ လူရောက်လာတယ်။

"ဒီဒကာက ဉာဏ်တော်တစ်ဆယ့်ရှစ်တောင် နဂါးရုံဘုရားတည်ချင်လို့တဲ့။ ပစ္စည်းဖိုး၊ လက်ခ၊ စုစုပေါင်း ဘယ်လောက်ကုန်မလဲဟ"

ဆရာတော်ကြီးက ပန်းရံဆရာငွေတိုးကို အမိန့်ရှိပါတယ်။ ပန်းရံဆရာငွေတိုးဆိုသူက တအောင့်လောက်ကြာတော့မှ -

"အနည်းဆုံး ရှစ်သိန်း၊ ကိုးသိန်းလောက် ခန့်မှန်းခြေကုန်ပါမယ်ဘုရား..."

ပန်းရံဆရာငွေတိုးစကားကြားလိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ ထိတ်ကနဲခံစားလိုက်ရပါတယ်။

http://www.dhammadownload.com



''ဆရာတော်ဘုရား··· တပည့်တော်က လခစား၊ ဝန်ထမ်းဖြစ်တဲ့အတွက် ဒီလောက်ငွေကြေးပမာဏကို မတတ်နိုင်ပါဘုရား·· နောင်ငွေကြေးတတ်နိုင်တဲ့အခါမှဘဲ တည်ပါရစေဘုရား···''

ဆရာတော်ကြီးကို တောင်းပန်လျှောက်ထားပြီး အတွေးရေယာဉ်ကြောမှာ မျောနေမိပါတယ်။

''ဦးသက်တင်-ဆရာတော်ကြီးက ခင်ဗျားကိုမေးနေတယ်။ ငွေ(၃)သောင်းပါသလားတဲ့။ ငွေ(၃)သောင်းပါရင် နဂါးရုံဘုရား တည်ပေးမတဲ့''

ပရိသတ်ထဲက ကျွန်တော့်ကိုသိတဲ့ ဓမ္မမိတ်ဆွေတစ်ဦးက လှမ်းပြောလိုက်ပါတယ်။

ကျွန်တော်ဟာ အိပ်မောကျနေတဲ့ သူ့ကိုဆွဲလှုပ်ပြီး အနိုးခံလိုက်ရသလို အလန့်တကြားဖြစ်သွားပါတယ်။ အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ တုန်လှုပ်ခြင်းတွေကို တပြိုက်နက်ထဲမှာပဲ ခံစားလိုက်ရပါတယ်။ ကျွန်တော့်နားကို ကျွန်တော်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိတယ်။

ဆရာတော်ကြီးကို မော့ကြည့်ပြီး ကျွန်တော်လျှောက်ထားလိုက်ပါတယ်။

''တပည့်တော်မှာ ဆရာတော်ကြီးအမိန့်ရှိတဲ့အတိုင်း ငွေ (၃)သောင်း တိတိပါလာပါတယ်ဘုရား။ ဟိုဒကာပြောတဲ့အတိုင်း ဆရာတော်ကြီးက နဂါးရုံဘုရားတည်ပေးမှာလားဘုရား···''

http://www.dhammadownload.com



ဆရာတော်ကြီးက တခွန်းတည်းဘဲမိန့်လိုက်တယ်

"အေး....."

"တပည့်တော်ခုဘဲ ငွေ (၃) သောင်းသွားယူပြီး လှူပါမယ် ဘုရား"

အဲဒီလိုလျှောက်ထားပြီး ကျွန်တော်တည်းခိုတဲ့ ဦးဝိစိတ္တကျောင်းကိုကမန်းကတမ်းပြေး၊ ကျွန်တော့်မှာပါလာတဲ့ ငွေ (၃)သောင်းတိတိကို ယူ၊ ဆရာတော်ကြီးလက်ထဲကိုအပ်။ ကျွန်တော့်ခြေထောက်တွေဟာ မြေကြီးနဲ့ထိတယ်လို့တောင်မထင်မိပါဘူး။ အင်မတန် သွက်လက်ပေါ့ပါးနေမိပါတယ်။

"လုပ်ကြီး (ကိုစိုးသိမ်းထိုက်) ရော့သော့၊ မာစီဒီးထုတ်၊ ဦးသက်တင်လာလိုက်ခဲ့"

ဆရာတော်ကြီးဟာ ပြောပြောဆိုဆို၊ စိတ်မြန်လက်မြန်ကျောင်းပေါက်ဝကိုလည်း ကြွအသွား၊ ကျွန်တော်လည်း ဆရာတော်ကြီးရဲ့နောက်က သုတ်သီးသုတ်ပြာလိုက်သွားမိပါတယ်။

ကြီးအုပ်နဲ့ ဇောခိတထောင် သွားတဲ့လမ်းက တံတားပေါ်မှာ ကားကိုရပ်ပြီး

"အဲဒီတံတားထိပ်မှာ နဂါးရုံဘုရားတည်ပေးမယ်။ ဝါဆိုလပြည့်နေ့မှာ အနေကဇာတင်မယ်။ အဲဒီအမီလာခဲ့"

အဲဒီလို ဆရာတော်ကြီးက မိန့်ကြားခဲ့ပါတယ်။

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ နဂါးရုံဘုရားကြီးရဲ့အကြောင်းဘဲ ကျွန်တော့်အတွေးတွေထဲမှာ မကြာခဏ ရောက်နေခဲ့ပါတယ်။

http://www.dhammadownload.com



ကုန်ကျမည့်ငွေက ‘၈’သိန်း ‘၉’သိန်း

”ဆရာတော်ကြီးကို ငါလှူခဲ့တာက (၃) သောင်း”

“ငါ့ဆီမှာ အမှန်တကယ်ဘဲပါလာတာကလည်း ငွေ(၃) သောင်းတိတိ”

“ခင်ဗျားမှာ ငွေ (၃)သောင်းပါရင် နဂါးရုံဘုရားတည်ပေးမယ် ဆိုတဲ့ ထူးဆန်းအံ့ဩဘွယ်ကောင်းတဲ့ ဆရာတော်ကြီးရဲ စကား”

“ငွေ(၈)သိန်း (၉) သိန်း ငါဘယ်လိုများရနိုင်ပါ့မလဲ” တွေးရင်း၊ တွေးရင်းနဲ့ဘဲ ဝမ်းသာလိုက်၊ အံ့ဩလိုက်၊ ငွေအတွက် စိတ်ပူလိုက်နဲ့ပေါ့။

တနေ့မနက်မှာ လူငယ်တစ်ယောက်နံနက်စောစော ကျွန်တော့် အိမ်ရှေ့ရောက်လာတယ်။

“ဒါဦးသက်တင်အိမ်ပါလားခင်ဗျား…”

“ဟုတ်ပါတယ်ကွာ။ ဘာကိစ္စရှိလို့လဲ”

“အမေရိကန်က အစ်ကိုကြီး ကိုကျော်မြင့်အေးနဲ့ ခင်မော်မော်တို့က လွှတ်လိုက်တာပါ။ ဆရာ့အတွက် ကန်တော့ပစ္စည်းလည်းပါ လာပါတယ်။”

“အေး…. ဝင်ကွာ..ထိုင်ပါကွာ။ သူတို့နဲ့ ငါကွဲကွာနေတာ (၅)နှစ်လောက်ရှိပြီ၊ နေကောင်းကြရဲ့လား”

“ဟုတ်ကဲ့… ကောင်းကြပါတယ်။ ဆရာနဲ့ ဆရာမရဲ့ ကျေးဇူး ငါတို့မှာရှိတယ်… ငါတို့ကိုယ်စား သွားကန်တော့ပါဆိုလို့…. လာကန်တော့တာပါ။”

http://www.dhammadownload.com



"အေး…ကောင်းပါပြီကွာ… ငါတို့က မေတ္တာပို့ဆုတောင်းကြောင်း ပြောပြလိုက်ပါ"…. သာဓု…. သာဓု …. သာဓု

* * * * *

ကိုကျော်မြင့် အေးရဲ့ညီပြန်သွားမှ ကန်တော့ပစ္စည်းကို ဖွင့်ကြည့်လိုက်တော့ ငွေစက္ကူတွေ အထပ်လိုက်၊ သိန်းဂဏန်းပါဘဲ။

"နဂါးရုံဘုရားအတွက် ဆရာတော်ဘုရားကို အလှူငွေပေးပို့ပါတယ်ဘုရား"လို့ ဖုန်းဆက်ပြီး ရိုးမဘဏ်က ငွေလွှဲလိုက်ပါတယ်။

မကြာခင်မှာဘဲ ကုန်သွယ်ရေး၊ စက္ကူနဲ့ ပုံနှိပ်ပစ္စည်းကော်ပိုရေးရှင်းက မန်နေဂျာ ဒေါ်တင်အေးက ဖုန်းဆက်လာပါတယ်။

"ဆရာရေ ဝမ်းသာစရာစကားပြောမလို့… ဆရာ့တို့ မြန်မာစာအဖွဲ့က တည်းဖြတ်တဲ့ အင်္ဂလိပ်-မြန်မာ အဘိဓါန်ကြီး ဒုတိယအကြိမ် ထပ်ရိုက်တာ။ အဲဒီအတွက် ဆရာနဲ့ ဆရာမတို့ နှစ်ယောက်အတွက် ဉာဏ်ပူဇော်ခ တစ်သိန်းလာထုတ်ပါ။ အဲ့ဒါ အကြောင်းကြားတာပါ"

တစ်ပတ်လောက်ကြတော့ ကျိုက်ထီးရိုးဘိုးဘိုးကြီး ထီဆိုင်က ဖုန်းဆက်ပြန်ပါတယ်။

"ဦးသက်တင်…ရှိပါလား…. ဒီတစ်ပတ်အောင်ဘာလေ သိန်းဆုမှာ ကျွန်တော်တို့ဆိုင်က ထိုးသွားတဲ့ထီပေါက်ပါတယ်။ ထီလက်မှတ်နဲ့ မှတ်ပုံတင်ကတ်ပြားယူပြီး ဆုငွေလာထုတ်ပါ" ဆုငွေကတော့ သောင်းဂဏန်း။

ဉာဏ်ပူဇော်ခရတဲ့ငွေနဲ့ ထီပေါက်တဲ့ငွေတွေကို ဆရာတော်ကြီးဆီကို ပို့လိုက်ပြန်ပါတယ်။

http://www.dhammadownload.com





နဂါးရုံဘုရား အနေကဇာတင်

http://www.dhammadownload.com



ကျွန်တော့်စိတ်မှာ ပီတိသောမနဿတွေ၊ သဒ္ဓါစိတ်တွေ တဖွားဖွားပေါ်ပေါက်နေပါတော့တယ်။ ဒါကြောင့် တွေ့တဲ့ ကျွန်တော့် မိတ်ဆွေတိုင်းကို နဂါးရုံဘုရားကြီးတစ်ဆူတည်တဲ့အကြောင်း ပြောပြတယ်။

ရွှေပင်ငွေပင် ဦးသန်းထွန်းနဲ့ဇနီး ဒေါ်အေးမြင့်၊ ဆရာမ ဒေါ်ရင်ရင်ဝိုင်း၊ ဒေါ်နွဲ့နွဲ့အုန်း၊ ကိုဇော်နဲ့ မဝေစတဲ့ စတဲ့ ဓမ္မမိတ်ဆွေတွေ ပေါ့။

ဓမ္မမိတ်ဆွေ အားလုံးက သောင်းဂဏန်းစီရှိတဲ့ ငွေကို လှူကြပါ တယ်။

ဒီလိုနဲ့ဘဲ ဆရာတော်ကြီးအမိန့်ရှိခဲ့တဲ့ ဝါဆိုလပြည့်နေ့ကို နီးခဲ့ ပါတယ်။ ဝါဆိုလပြည့်နေ့အမီ ဆရာတော်ကြီးဆီကို ကျွန်တော်အရောက် သွားပါတယ်။ ကြီးအုပ်-ဗောဓိတထောင်တံတားပေါ်မှာ ကောဇောနီကြီး တွေခင်းပြီး နဂါးရုံဘုရားကြီးကို ဆရာတော်ကြီး ကိုယ်တိုင်ကြီးမှူးလို့ သံဃာတော်များနဲ့ အနေကဇာတင်ပေးတော်မူပါတယ်။

ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့ပြီး ကျွန်တော်သေတ္တာထဲမှာ ပါလာတဲ့ ငွေ (၃)သောင်းကို အရင်းတည်လို့ ကျွန်တော်နဲ့ ကျွန်တော့် ဓမ္မမိတ်ဆွေများ ဘုရားဒကာဖြစ်ခဲ့ရပါပြီ....။

* * * * *

ဇာတ်လမ်းက မဆုံးသေးပါဘူး။ ဆက်ရန်အနည်းငယ်ကျန်ပါ သေးတယ်။ (၂)လလောက်အကြာမှာ အလုပ်ကိစ္စနဲ့ မန္တလေးတက္ကသိုလ် ကို ကျွန်တော်နဲ့ ဝန်ထမ်းအချို့ရောက်ခဲ့ပါတယ်။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆရာတော်ကြီးကို လျှောက်ထားအကူအညီတောင်းဖို့အတွက်

http://www.dhammadownload.com



ဆရာတော်ကြီးဆီကို သွားဖြစ်ကြပါတယ်။ ရောက်တဲ့ညမှာ အောင်စကြာ စေတီပေါ်ကိုတက်ပြီး ပရိတ်တွေရွတ်၊ မေတ္တာပို့၊ အမျှဝေကြပါတယ်။ စေတီပေါ်ကအဆင်း စောင်းတန်းတဝက်အရောက်မှာ ''မို့မို့''ဆိုတဲ့ ဝန်ထမ်းမိန်းကလေးဟာ ရုတ်တရက်ရှိုက်ကြီးတငင်ငင် ငိုပါတယ်…။

ကျွန်တော်တို့အားလုံး အထိတ်တလန့်ဖြစ်ကုန်ကြတယ်။ ညဘက်မှောင်မှောင်မည်းမည်းကြီးဆိုတော့ အဆိပ်ရှိတဲ့ ပိုးမွှားများကိုက်လို့လား…။ ထိမိ ခိုက်မိလို့လားပေါ့….။

''ဟဲ့…မို့မို့… ဘာဖြစ်၊ ဘာဖြစ်လဲ…''

အားလုံးက ပြာပြာသလဲမေးကြတယ်။ ဘာမှမေးလို့မရဘူး။ ရှိုက်ကြီးတငင်ငင် အားရပါးရ ငိုနေတော့တာဘဲ။

ခဏကြာတော့မှ -

''ဘုရားတည်ချင်တယ်… ဘုရားတည်ချင်တယ်… ဘုရားတည်ချင်တယ်….'' လို့ အော်ဟစ်ပြောတယ်။

''အေး.. အေး… မငိုနဲ့၊ တိတ်ပါ… တိတ်ပါ…

မနက်ကျရင် ဆရာတော်ကြီးကို ငါတို့လျှောက်ပေးပါမယ်''

အားလုံးက ဝိုင်းပြောတော့မှ အငိုတိတ်သွားတယ်… အငိုတိတ်သွားပြီးတော့..''သမီးစောစောက ဘာဖြစ်သွားမှန်မသိဘူး''လို့ပြောတယ်…

* * * * *

မနက်ပိုင်း ဆရာတော်ကြီး ကျောင်းပေါ်က ဆင်းဆင်းခြင်းဘဲ လှူဖွယ်ပစ္စည်းတွေ လှူဒါန်းပြီး ကျွန်တော်က ဆရာတော်ကြီးကို ညက အဖြစ်အပျက်တွေ လျှောက်ထားတယ်။

http://www.dhammadownload.com



"ဆရာတော်ဘုရား… ဒီဒကာမလေးက ဘုရားတည်ချင်လို့ပါ
တဲ့ဘုရား…"

"အေး…. ရပါတယ်ကွယ်…"

ကားမောင်းတဲ့ ကိုခင်မောင်မြင့်က ဘာမပြော၊ ညာမပြော

"တပည့်တော်လည်း ဘုရားတည်ချင်ပါတယ်ဘုရား" တဲ့။

"အေး… ရပါတယ်ကွယ်…"

လက်ထောက်မန်နေဂျာ မဥမ္မာအောင်ကပါ

"တပည့်တော်လည်း ဘုရားတည်ချင်ပါတယ်ဘုရား" တဲ့။

ဆရာတော်ကလည်း -

"အေး… ရပါတယ်ကွယ်…"

ကျွန်တော်လည်း ဘာပြောရမှန်းမသိဘဲ ကြက်သေ သေပြီး၊ အံ့လည်းအံ့သြ၊ ဆရာတော်ကြီးကိုလည်း အရမ်းဘဲ အားနာသွားမိတယ်။ ငါ့လူတွေ …. ဘာတွေလျှောက်ပြီးပြောနေကြပါလိမ့်ပေါ့။

ဆရာတော်ကြီးကို အားတုံ့အားနာဖြစ်ပြီး တောင်းပန်တဲ့ မျက်နှာနဲ့ ကြည့်နေမိတယ်။ ဆရာတော်ကြီးက ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး -

"လေးယောက်က ဘုရားတည်ချင်သတဲ့… မင်းကရော" လို့ ကျွန်တော့်ကို မေးလိုက်တယ်။

"ဒီအတိုင်းဆိုရင် တပည့်တော်တဦးတည်းပဲ ကျန်တော့တယ်။
တပည့်တော်လည်း ဘုရားတည်တဲ့အထဲပါ ပါတော့မယ်
ဘုရား…"

လို့လျှောက်လိုက်မိပါတယ်။

http://www.dhammadownload.com



"အေး...မင်းရဲ့ ဘုရားက အလယ်မှာ ခပ်ကြီးကြီး.. သူတို့ အတွက် ဘုရား(၄)ဆူက ဘေးမှာရံမယ်... ခပ်ငယ်ငယ်ပေါ့.. ကျောင်းတော်မှူကြီးရဲ့ ဦးခေါင်းတော် တည့်တည့်၊ တာဝါတိုင်ရဲ့ ရှေ့မှာ တည်ပေးမယ်။ ဗောဓိတထောင်ကိုလာရင် မင်းတို့ရဲ့ ဘုရားငါးဆူကို အဝေးကနေပြီး လှမ်းဖူးနိုင်မယ်။"

ဘုရားရဲ့ ဘွဲ့တွေက "ကမ္ဘာအေး၊ ဒီပါအေး၊ မြန်မာအေး၊ သံသရာအေး၊ ရန်ဘယာဝေး"တဲ့။....လာမယ့် တန်ဆောင်မုန်း လပြည့် အရုဏ်တက်မှာ အနေကဇာတင်မယ်....။ အဲ့ဒီနေ့ အမီလာခဲ့ကြ..."

ဆရာတော်ကြီးက ကရားရေလွှတ် တဆက်တည်း အမိန့်ရှိပါ တယ်။

ဒီတခါတော့ ကျွန်တော်ကဘဲ ဆရာတော်ကြီးကို စပြီးလျှောက် ထားလိုက်ပါတယ်။

"ဆရာတော်ဘုရား... ဒီဒကာ၊ ဒကာမတွေဟာ ဝန်ထမ်းတွေ ဖြစ်ပါတယ်ဘုရား....၊ လောလောဆယ်တော့ တပည့်တော်က တစ်ယောက်ကို တစ်သောင်းစီနဲ့ ဘုရား (၅)ဆူတွက် (၅)သောင်း လှူထားပါရစေဘုရား... နောက်မှ ....."

"အေး.... ရပါတယ်ကွယ်"

* * * * *

တန်ဆောင်မုန်းလပြည့်နေ့အမီ ကျွန်တော်တို့ ဗောဓိတထောင်၊ ဆရာတော်ကြီးဆီကို သွားခဲ့ကြပါတယ်။ ဆရာတော်ကြီးဟာ သူ့အမိန့်

http://www.dhammadownload.com







ဘုရားငါးဆူနှင့် ဘုရားဒကာ၊ ဒကာမတစ်စု

http://www.dhammadownload.com



ရှိခဲ့တဲ့အတိုင်း တန်ဆောင်မုန်းလပြည့်အရုဏ်တက်မှာ ဘုရားငါးဆူကို သူကိုယ်တိုင်ကြီးမှူးပြီး အနေကဇာတင်ပေးပါတယ်။ ဦးဇင်းဖြိုး (ဦးသြဘာသ)က ဗွီဒီယိုမှတ်တမ်းတင်တယ်။ ကျွန်တော်တို့အားလုံး ဝမ်းသာလွန်းလို့ မျက်ရည်တွေဖြိုင်ဖြိုင်ကျကြပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ အပြုံးကို ဦးဇင်းဖြိုး(ဦးသြဘာသ)ရဲ့ ဗွီဒီယိုမှတ်တမ်း နဲ့ လုပ်ကြီး (ကိုစိုးသိမ်းထိုက်)ရဲ့ မှတ်တမ်းတင်ဓါတ်ပုံမှာ ကျွန်တော်တို့ ပထမဆုံး ဖူးတွေ့ခွင့်ရခဲ့ပါတယ်။

လုပ်ဖော်ကိုင်ဖက်တွေကို အကြောင်းပြုပြီး ကျွန်တော်လည်း ဒုတိယအကြိမ် ဘုရားဒယကာဖြစ်ခဲ့ရပြန်ပါတယ်။ သူတို့လည်း ဆရာတော်ကြီးကို အကြောင်းပြုပြီး ဘုရားဒကာ၊ ဘုရားဒကာမတွေဖြစ် ကုန်ကြပါပြီ။

ဆရာတော်ဘုရားရဲ့ မေတ္တာ၊ စေတနာ ဂုဏ်ကျေးဇူးတွေကတော့ ကြီးမားလွန်းပါတယ်။

* * * * *

ဤမှတ်တမ်းဖြင့် ကျေးဇူးရှင်ခမည်းတော် မဟာဗောဓိ တထောင်ဆရာတော်ဘုရားကြီးကို ရှိခိုးပူဇော်လိုက်ပါတယ်။

ဦးသက်တင်နှင့် ဒေါ်ခင်နွဲ့နွဲ့

http://www.dhammadownload.com



## ဆရာတော်ဘုရားကြီးပြည်တွင်း၊ပြည်ပ
## ဆေးရုံများတွင်မိန့်ကြားခဲ့သော နောက်ဆုံးသြဝါဒများ

ပြောတော့အဟုတ်၊လုပ်တော့တလွဲ။
နေတော့ဆင်းရဲ၊သေတော့ငရဲ။
နင်-ပဲ၊နင်-ပဲ။ငါ-ပဲ၊ငါ-ပဲ။
ငဲ့တော့စောင်းတယ်ဗျာ၊စောင်းတော့ဖိတ်တယ်ဗျာ။

(၁၂-၁၁-၂၀၀၆) ၄း၅၀ နာရီ

ကိုယ့်ကိုကိုယ်တွေး၊ကိုယ်မေးကြည့်ပါ။
နေ့စဉ်အားထုတ်၊အလုပ်ဘယ်ဟာ။
ကုသိုလ်တစ်ပဲ၊ငရဲတစ်ပိဿာ
လူဖြစ်ရှုံး၊နစ်အုံးပါယ်လေးရွာ။

(၁၂-၁၁-၂၀၀၆) ၅း၂၀ နာရီ


မမေ့သတိ
ရောက်ရှိနိဗ္ဗာန်
မေ့တဲ့သူများ၊သေဖွားကြိမ်ဖန်
သတိတစ်လုံး၊စွဲသုံးယူရန်
မြတ်ဘုရား၊ဟောကြားအဖန်ဖန်။

(၁၂-၁၁-၂၀၀၆) ၆း၁၅ နာရီ

http://www.dhammadownload.com



ကရဝိက်ဖောင်တော်ဖြင့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ပင့်ဆောင်စဉ်။



http://www.dhammadownload.com





ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို
လာရောက်ဖူးမြော်ကြသော ပရိသတ်

http://www.dhammadownload.com






ရုပ်ကလာပ်တော်ကို မီးသဂြိုလ်ရာတွင် မီးမခဘဲ ကျန်ခဲ့သော အံတော်

http://www.dhammadownload.com



နန်းဦးဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတော်

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတော်